National Skills Standards Authority

# အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ
# ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ

၂၇–၂၈ မေလ ၂၀၁၆ ခုနှစ်

**MICC-II**

နေပြည်တော်


ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

ADB

Japan Fund for Poverty Reduction

International Labour Organization

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

swisscontact

LUX DEV
Luxembourg Agency for Development Cooperation

# အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ

၂၇-၂၈ မေလ ၂၀၁၆ ခုနှစ်

**MICC-II**

နေပြည်တော်

# ကျေးဇူးတင်လွှာ

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကျင်းပခဲ့ပြီး ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဆွေးနွေးပွဲရလာဒ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးတို့အတွက် German Development Co-operation – GIZ ၊ ILO ၊ Asia Development Bank (ADB) ၊ LUXDEX ၊ Swiss Agency for Development and Cooperation (SDC) နှင့် Swisscontact တို့၏ကြိုးပမ်းအားထုတ်မှုများကို ကျေးဇူး အထူးတင်ရှိပါသည်။

ဆွေးနွေးပွဲတွင် ရလာဒ်ကောင်းများ ထွက်ပေါ်လာစေရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အလုပ်သမားရေးရာ ဆိုင်ရာဝန်ကြီးများ၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို ကျေးဇူးအထူးတင်ရှိပါသည်။

# CONTENTS


| | |
|---|---|
| နိဒါန်း | ၁ |
| ရည်ရွယ်ချက် | ၃ |
| မျှော်မှန်းရလဒ် | ၄ |
| အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များရယူခြင်း | ၅ |
| ၂၇-၅-၂၀၁၆ ရက်နေ့ (ဆွေးနွေးပွဲပထမနေ့) အစီအစဉ် | ၇ |
| ၂၈-၅-၂၀၁၆ ရက်နေ့ (ဆွေးနွေးပွဲဒုတိယနေ့) အစီအစဉ် | ၉ |
| ဆွေးနွေးပွဲရလဒ် အကျဉ်းချုပ် | ၁၁ |
| အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား | ၁၃ |
| နိုင်ငံတော်ဒုတိယသမ္မတ ပြောကြားသည့် အဖွင့်မိန့်ခွန်း | ၁၅ |
| အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပြောကြားသည့် အဖွင့်အမှာစကား | ၁၉ |
| အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပခြင်း | ၂၃ |
| အလုပ်အကိုင်နှင့် ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာလုပ်သားထု၏ ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင် ဆောင်ရွက်မှု | ၂၉ |
| ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်ထားမှုများ၊ အလားအလာများနှင့် မူဝါဒရေးရာကိစ္စရပ်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှုများ | ၃၅ |
| ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များကို အုပ်စုလိုက်ဆွေးနွေးခြင်း | ၄၇ |
| လုပ်သားထု၏ ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ | ၅၅ |
| အဖွဲ့လိုက်ဆွေးနွေးခြင်း | ၆၁ |
| အကြံပြုတင်ပြချက်များ | ၇၁ |
| မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | ၇၉ |
| အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ တက်ရောက်သူများစာရင်း | ၈၄ |

## နိဒါန်း

မြန်မာနိုင်ငံ၏စီးပွားရေးသည် ၂၀၁၆ ခုနှစ်တွင် ၈.၅ ရာခိုင်နှုန်းခန့် တိုးမြှင့်နိုင်သည် ဟူသော ခန့်မှန်းချက်နှင့်အညီ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ၂၀၁၇ခုနှစ်တွင်လည်း အလားတူတိုးမြှင့်လာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ ယုံကြည်မှုမြင့်မားလာခြင်း၊ ကုန်ပစ္စည်းများတင်ပို့နိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ခြင်း၊ ခရီးသွားလုပ်ငန်း တိုးတက်လာခြင်းနှင့် အတိုးနှုန်းမြင့်မားလာခြင်းတို့ကြောင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ပိုမိုများပြားလာပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ၍ အစိုးရ၏အသွင်ကူးပြောင်းရေးဆိုင်ရာ ရည်မှန်းချက်ကိုလည်း ပြည့်မီစေပါသည်။

လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာအစိုးရက ဆောင်ရွက်လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့်ဆိုင်သော အသွင်ကူးပြောင်းမှုများ အောင်မြင်နိုင်ရန်အတွက် အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်လျက် ရှိပါသည်။ လူမှုဘဝတိုးတက်မြင့်မားလာစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရန်အလို့ငှာ လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်မည့်လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အဓိကကျသော အခန်းကဏ္ဍ အဖြစ် ပါဝင်လျက်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ရန် စိတ်ပါဝင်စားသော နိုင်ငံခြားသား ကုမ္ပဏီများအနေဖြင့် မြန်မာကျွမ်းကျင်လုပ်သား လုံလောက်မှုမရှိခြင်းကို စိုးရိမ်လျက်ရှိနေကြပါသည်။ သို့ပါ၍ စဉ်ဆက်မပြတ် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏အမျိုးသားရေးလုပ်ငန်းစဉ်တွင် အဓိက ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး အာဆီယံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင်လည်း မြန်မာနိုင်ငံ အနေဖြင့် အဓိကကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒေသအတွင်း ကျွမ်းကျင်မှုများနှင့် လုပ်သားထု ရွှေ့ပြောင်းသွားလာမှုများကို တိုးမြှင့်ရန်၊ စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်စွမ်းအားတိုးမြှင့်ရန်နှင့် အာဆီယံဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်တို့အတွက် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် ဒေသအတွင်း အသိပညာဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ပေါင်းစည်းလာသော အာဆီယံလုပ်သားဈေးကွက်တွင် စိန်ခေါ်မှုနှင့် အခွင့်အရေးနှစ်ခုစလုံး ပါဝင်လျက်ရှိပြီး အာဆီယံဘုံလုပ်သားဈေးကွက်တွင် လူငယ်များ ပိုမိုပါဝင်လာစေရန် ဆောင်ရွက်ရာတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်မှုများ တိုးမြှင့်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသအစိုးရများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတစ်ဝှမ်းရှိ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိပါသည်။ လုပ်သား ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုများဖြစ်စေရန် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်မှုကို အရှိန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ လေ့ကျင့်ရေးစနစ်၏ အရည်အသွေးကို အာမခံနိုင်ရန်အလို့ငှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အမျိုးသားအဆင့် သက်မွေး ပညာဆိုင်ရာ အရည်အသွေး မူဘောင်တစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှတဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်များ၏

အရည်အသွေး အာမခံမှုကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဩဂုတ် လ ၃၀ ရက်နေ့တွင် ထုတ် ပြန်ခဲ့သော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့အား ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ပါသည်။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဆောင်ရွက်ရန် အောက်ဖော်ပြပါ နယ်ပယ် ၆ ခု အကျုံးဝင်လျက် ရှိပါသည်-

(၁) အလုပ်အကိုင်ဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်များ (အလုပ်ခန့်ထားမှု ဆိုင်ရာသဘောတူညီချက်စာချုပ်၊ အလုပ်အကိုင် နေရာချထားခြင်း၊ အလုပ်သမားစုဆောင်းခြင်း၊ အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း၊ လစာ၊ ကျွမ်းကျင်မှုအဆင့်စသည်ဖြင့်)

(၂) အမျိုးသားအဆင့် ကျွမ်းကျင်မှု မူဘောင်၊ လေ့ကျင့်သင်ကြားပေးခြင်း၊ စစ်ဆေး အကဲဖြတ်ပေး ခြင်းနှင့် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းစနစ်

(၃) လုပ်ငန်းတွင်း လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပုဂ္ဂလိကကဏ္ဍတွင် လေ့ကျင့်သင်ကြားပေးသည့် စနစ်များ

(၄) အလုပ်သင်လုပ်သားများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် Dual Training System

(၅) ကျွမ်းကျင်မှုပြိုင်ပွဲ

(၆) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေစနစ်

လုပ်သားထု၏ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး စိန်ခေါ်မှုများ ကို ကျော်လွှားသွားရမည်ဖြစ်ပါသည်။ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းဖွင့်လှစ်ပေးနိုင်သည့် အကြိမ် အရေအတွက် နှင့် ရရှိနိုင်မည့် သင်ကြားရေးအထောက်အပံ့များကို အထူးသဖြင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကန့်သတ်ထား ရှိပါသည်။ အကျိုးဆက်အားဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသာမက မြန်မာနိုင်ငံရှိ မူဝါဒချမှတ်သူများနှင့် လုပ်သားထု၏ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေကြ သူများအနေဖြင့်လည်း ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ ဆောင်ရွက်ခြင်းနှင့် အရည်အသွေးတိုးမြှင့်ခြင်းတို့ကို အဓိကအလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးနှင့် ဆွဲဆောင်မှုရှိစေရေးကို တိုးမြှင့်ဆောင်ရွက်ရန်၊ ကျွမ်းကျင်မှုလေ့ကျင့် သင်ကြားခြင်းစနစ်တွင် ထိရောက်သက်သာသောနည်းလမ်းများဖြင့် မျှမျှတတ ဆောင်ရွက်နိုင်ရန်၊ အထူးသဖြင့် အကာအကွယ်မဲ့သော လူငယ်များအား သင်ကြားလေ့ကျင့်ရေးအစီအစဉ်များတွင် ပါဝင်လာနိုင်စေရေးအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတဆင့် ဆောင်ရွက်ရန်၊ လုပ်သားဈေးကွက်လိုအပ်ချက်ကို ပြည့်မီသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ရေး အတွက် ဆောင်ရွက်ရန်တို့ကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး အတွက် အဆိုပါလိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပါဝင်ဆောင်ရွက်ကြသူ များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ထောက်ပံ့ပေး မှုများသည် အဓိကကျသော အ ခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက် နေမှုများနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဆောင်ရွက်နေမှု အခြေအနေများကို မျှဝေပေးနိုင်ရန်။
- မြန်မာနိုင်ငံတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးအတွက် နည်းလမ်းများ သတ်မှတ်နိုင်ရန်။
- မြန်မာလုပ်သားထု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုနိုင်မည့် နည်းလမ်းများထားရှိ ဆောင်ရွက်နိုင်ရန် မူဝါဒများ၊ ဥပဒေများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အကြံပြုချက်များ ရှာဖွေဖော်ထုတ်နိုင်ရန်။

## မျှော်မှန်းရလဒ်

- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများ၊ အလားအလာများနှင့် မူဝါဒရေးရာ ကိစ္စရပ်များတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိစေခြင်း။

- မြန်မာလုပ်သားထု၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်ရာတွင် ကြုံတွေ့ရမည့်ကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး ဖော်ထုတ်ခြင်း။

- စီးပွားရေးကဏ္ဍများမှ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ပူးပေါင်း ဆောင်ရွက်မှုများအပေါ် အကြံပြုချက်များ ရရှိစေခြင်း။

**အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များ ရယူခြင်း**

- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးခြင်း၊
- မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊

## ၂၇-၅-၂၀၁၆ ရက်နေ့ (ဆွေးနွေးပွဲ ပထမနေ့)

| အချိန် | အကြောင်းအရာ |
|---|---|
| ၈း၃၀ နာရီမှ ၉း၀၀ နာရီအထိ | တက်ရောက်မည့် ကိုယ်စားလှယ်စာရင်း ကောက်ယူခြင်း။ |
| ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအထိ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားခြင်း။<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခြင်း။<br>မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးဆိုင်ရာ နည်းစနစ်များနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ရှင်းလင်းတင်ပြခြင်း။ |
| ၁၀း၃၀ နာရီမှ ၁၀း၅၀ နာရီအထိ | မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် လက်ဘက်ရည်၊ ကော်ဖီ၊ မုန့်များဖြင့် တည်ခင်းဧည့်ခံခြင်း။ |
| ၁၀း၅၀ နာရီမှ ၁၂း၃၀ နာရီအထိ | **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှု**<br>သဘာပတိ - ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>- နည်းပညာဆိုင်ရာ သက်မွေးပညာဆိုင်ရာ ပညာရေးယူနစ် (ဦးမြင့်စိုး၊ ဥက္ကဋ္ဌ၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း)<br>- မြန်မာအထည်ချုပ်စက်ရုံများ တိုးတက်လာမှုကို မျှော်လင့်ခြင်း (ဦးနော်အောင်၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်)<br>- မြန်မာလုပ်သားထုအတွက် အနာဂတ် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး (ဦးကိုကိုကြီး၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)<br>- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ (ဒေါ်ခင်မာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)<br>အမေး/အဖြေကဏ္ဍ။ |
| ၁၂း၃၀ နာရီမှ ၁၃း၃၀ နာရီအထိ | နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခြင်း။ |

| | |
|---|---|
| ၁၃း၃၀ နာရီမှ ၁၅း၃၀ နာရီအထိ | **ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများ၊ အလား အလာများနှင့် မူဝါဒရေးရာ ကိစ္စရပ်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှုများ**<br>သဘာပတိ - အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>**ဆွေးနွေးမည့်အဖွဲ့ (၁)**<br>- ရန်ကုန်<br>- နေပြည်တော်<br>- ချင်း<br>- တနင်္သာရီ<br>- စစ်ကိုင်း<br>- ကရင်<br>- ကယား<br>**ဆွေးနွေးမည့် အဖွဲ့ (၂)**<br>- မန္တလေး<br>- ရှမ်း<br>- ဧရာဝတီ<br>- မွန်<br>- ပဲခူး<br>- ကချင်<br>- မကွေး<br>- ရခိုင်<br>အမေး/အဖြေကဏ္ဍ။ |
| ၁၅း၃၀ နာရီမှ ၁၅း၄၅ နာရီအထိ | လက်ဘက်ရည်၊ ကော်ဖီ၊ မုန့်များဖြင့် တည်ခင်းဧည့်ခံခြင်း။ |
| ၁၅း၄၅ နာရီမှ ၁၇း၃၀ နာရီအထိ | ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များကို အုပ်စုလိုက်ဆွေးနွေးခြင်း<br>သဘာပတိ - ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အုပ်စုအလိုက် ဆွေးနွေးတင်ပြခြင်း<br>အမေး/အဖြေကဏ္ဍ။ |
| ၁၇း၃၀ နာရီမှ ၁၈း၀၀ နာရီအထိ | ၂၇-၅-၂၀၁၆ ရက်နေ့ (ဆွေးနွေးပွဲ ပထမနေ့) အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ကျေးဇူးတင် စကားပြောကြားခြင်း။ |
| ၁၈း၃၀ နာရီမှ ၂၀း၀၀ နာရီအထိ | ညစာဖြင့် တည်ခင်းဧည့်ခံခြင်း။ |

## ၂၈-၅-၂၀၁၆ ရက်နေ့ (ဆွေးနွေးပွဲဒုတိယနေ့)

| အချိန် | အကြောင်းအရာ |
|---|---|
| ၈း၃၀ နာရီမှ ၉း၀၀ နာရီအထိ | တက်ရောက်မည့် ကိုယ်စားလှယ်စာရင်း ကောက်ယူခြင်း။ |
| ၉း၀၀ နာရီမှ ၉း၂၀ နာရီအထိ | ဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားခြင်း။ |
| ၉း၂၀ နာရီမှ ၁၀း၃၀ နာရီအထိ | **လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေ**<br>သဘာပတိ - အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>- အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) ရှိ ကျောင်းသူ၊ ကျောင်းသားများ ကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်နိုင်ရန်အတွက် ဒေသအတွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများတွင် ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ (ဒေါက်တာ နေမျိုးထွန်း၊ ညွှန်ကြားရေးမှူး၊ နည်းပညာနှင့် သက်မွေးပညာရေးဦးစီးဌာန)<br>- အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများရှိ စက်မှုအင်ဂျင်နီယာဘာသာရပ် သင်ရိုးညွှန်းတမ်းတွင် ကျောင်းအခြေပြုသင်ကြားနည်းစနစ်မှ စက်မှုလုပ်ငန်းအခြေပြုသင်ကြားနည်းစနစ်သို့ ပြောင်းလဲနိုင်ရန် ဆောင်ရွက် နေမှု အခြေအနေ (ဒေါက်တာပြည့်ကျော်သူ၊ ဒုတိယညွှန်ကြားရေးမှူး၊ နည်းပညာနှင့် သက်မွေးပညာရေးဦးစီးဌာန)<br>- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများအတွက် ပြင်ပပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်မှု (ဦးကိုကိုလွင်၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန)<br>- မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ (ဦးကျော်ကျော် လွင်၊ ညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)<br>အမေး/အဖြေကဏ္ဍ။ |
| ၁၀း၃၀ နာရီမှ ၁၀း၄၅ နာရီအထိ | လက်ဘက်ရည်၊ ကော်ဖီ၊ မုန့်များဖြင့် တည်ခင်းဧည့်ခံခြင်း။ |
| ၁၀း၄၅ နာရီမှ ၁၂း၀၀ နာရီအထိ | **အုပ်စုအလိုက် ဆွေးနွေးခြင်း**<br>- မြန်မာလုပ်သားထု၏ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊ |

| | |
|---|---|
| | - ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ၊<br>- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ |
| ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ | နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခြင်း။ |
| ၁၃း၀၀ နာရီမှ ၁၄း၂၀ နာရီအထိ | **အုပ်စုအလိုက် ရှင်းလင်းတင်ပြခြင်း**<br>အုပ်စုတစ်ခုခြင်း၏ ဆွေးနွေးမှုများမှ ရရှိသည့် အကျိုးရလာဒ်များနှင့် အကြံပြုချက်များကို အုပ်စုအလိုက် ရှင်းလင်းတင်ပြခြင်း။<br>သဘာပတိ - ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန။<br>အမေး/အဖြေကဏ္ဍ။ |
| ၁၄း၂၀ နာရီမှ ၁၄း၄၀ နာရီအထိ | ၂၇ -၂၈ မေလ ၂၀၁၆ ဆွေးနွေးပွဲမှ ရရှိသည့် အကျိုးရလာဒ်များ၊ တွေ့ရှိချက်များ၊ အကြံပြုချက်များ၊ အနာဂတ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ရှင်းလင်းတင်ပြခြင်း။ |
| ၁၄း၄၀ နာရီမှ ၁၄း၅၀ နာရီအထိ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က ဆွေးနွေးပွဲပိတ်ပွဲအမှာစကား ပြောကြားခြင်း။ |

## ဆွေးနွေးပွဲရလဒ် အကျဉ်းချုပ်

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရမည့်အချက်များ ပေါ်ထွက်လာပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အကြံပြုချက်များအရ ကျွမ်းကျင် လုပ်သားများအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေးနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုး တက်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရန် Pilot Project အနေဖြင့် စတင်ဆောင်ရွက်နိုင်ရေးတို့အတွက် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရပါမည်။ သတ်မှတ်ထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန် Trainer၊ Instructor၊ Assessor နှင့် Inspector များအတွက် Training of Trainers (TOT) သင်တန်းများပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ဆောင်ရွက်ရပါမည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ လိုအပ်ချက်များအရ ဦးစားပေးအလုပ်အကိုင်များကို ရွေးချယ်သတ်မှတ်၍ ကျွမ်းကျင်မှု "စံ"များနှင့် စစ်ဆေးအကဲဖြတ်သည့်နည်းလမ်းများ သတ်မှတ်ပြဋ္ဌာန်းရမည်။

လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေရေးရာကိစ္စရပ်များ၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်မှု၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူအများ ပိုမိုသိရှိနိုင်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့် ပါသည်။ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ စက်ရုံ/အလုပ်ရုံများ၊ စက်မှုလက်မှု လုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ၎င်း၏ လုပ်ငန်းကော်မတီများကို ပြင်ဆင်ဖွဲ့စည်းရာတွင် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ ပုဂ္ဂလိကသင်တန်းကျောင်းများ၊ အစိုးရသင်တန်းကျောင်းများ၊ စက်မှုဇုန်များ၊ ဥပဒေပညာရှင်များနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ပူးပေါင်းပါဝင်ဖွဲ့စည်းသွားရမည်။

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်မည့် ပုဂ္ဂလိကသင်တန်းများအား နိုင်ငံတကာ "စံ"များနှင့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော စစ်ဆေးအကဲဖြတ်မှုများကို စစ်ဆေးနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးသင့်ပါသည်။ ကျွမ်းကျင်မှုသင်တန်းများပေးရာတွင် လုပ်ငန်းခွင်နှင့်ကိုက်ညီမှုရှိသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ရေး

အတွက် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများရှိ လုပ်သားများအား On the job training ပေးနိုင်ရန် အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်လျက်ရှိပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အပံ့ပေးနိုင်မည့် ကျွမ်းကျင်မှုသင်တန်းများပေးနိုင်ရေးအတွက် Training Need Analysis ကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက် သင့်ပါသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုး တက်ရေးရန်ပုံငွေကို အလုပ်ရှင်ကသာ ထည့်ဝင်ရသည့်အတွက် အစိုးရ၏ ငွေကြေးထောက်ပံ့မှုပါရရှိမည်ဆိုပါက လုပ်ငန်းပိုမိုတိုးတက် မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့တိုင်းဒေသကြီး/ပြည်နယ် Budget အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထည့်ဝင်သင့်ပါကြောင်းနှင့် ထိုသို့ ထည့်ဝင်နိုင်ရေးအတွက် ဗဟိုအစိုးရထံသို့ တင်ပြတောင်းခံသင့်ပါသည်။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက် ရေး ဥပဒေကို ပြင်ဆင်ရေးဆွဲရာတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် ဘတ်ဂျက်ခွဲဝေသုံးစွဲမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် အလုပ်ရှင်များ၏ အခန်းကဏ္ဍနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေအရ သတ်မှတ်ထားသော ကျွမ်းကျင်မှုအဆင့်များနှင့်အညီ လုပ်ခလစာများ သတ်မှတ်နိုင်ရေး တို့ကို ထည့်သွင်းပြင်ဆင်ရေးဆွဲသင့်ပါသည်။

# အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား

# ၂၇-၅-၂၀၁၆ ရက်နေ့တွင် နေပြည်တော် MICC-II ၌ ကျင်းပပြုလုပ်သည့် "အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ"တွင် နိုင်ငံတော်ဒုတိယသမ္မတ ပြောကြားသည့် အဖွင့်မိန့်ခွန်း

ယနေ့ကျင်းပပြုလုပ်သော အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး ဆွေးနွေးပွဲ(National Skills Development Forum)ကို တက်ရောက်လာကြသော အစိုးရအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ NGO၊ INGO များမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနဲ့ ကြွရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုအစိုးရသစ်သည် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ချိန်မှစ၍ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံသူ နိုင်ငံသားများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများ ပြည့်ဝစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအနေဖြင့် ပြည်သူအတွက် ပထမရက် (၁၀၀) စီမံချက်အတွင်း အလျင်အမြန် ဆောင်ရွက်နိုင်မည့် ပြည့်သူလူထု အကျိုးပြုလုပ်ငန်းစဉ်များကို စီမံချက်ချမှတ်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားချက်နှင့်အညီ ယခုကျင်းပသော အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (National Skills Development Forum) သည် လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ရက်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။

နိုင်ငံတစ်ခုမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လာပြီး ပညာရေး၊ ကျန်းမာရေးသာမက လုပ်ငန်းခွင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍသည်လည်း အရေးပါတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ အလုပ်သမားများရဲ့ လုပ်အားများဟာ ကုန်ထုတ်စွမ်းအား တိုးတက်မှုရရှိစေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမှာဘဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community - AEC) တွင် အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေးပေါင်းစပ်မှုနှင့်အတူ "ဘုံ" အလုပ်သမားဈေးကွက် ဖြစ်ပေါ်စေရန် ဦးတည်ပြီး ဝန်ဆောင်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် အရည် အသွေးပြည့်ဝသည့် ပညာရေးစနစ်ဖြင့် ယှဉ်ပြိုင်နိုင်မှုများ တိုးတက်ကောင်းမွန်ရန်၊ အဓိပ္ပါယ်နှင့် စည်းမျဉ်းသတ်မှတ်မှု အစီအစဉ်များ တပြေးညီဖြစ်လာစေ ရန်အတွက်ကို မူဝါဒတွေ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒါတွေကတော့-

- ဘဝတွက်တာပညာသင်ယူမှု (Lifelong Learning) ချောမွေ့စေခြင်း၊
- အရည်အသွေးအသိအမှတ်ပြုမှု (Recognition of Qualification) တိုးတက်လာစေခြင်း၊
- တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့ပညာသင်ကြားနိုင်သော Credit Transfer စနစ်အား အားပေးရန်နှင့် တိုးမြှင့်ခြင်း၊

- လုပ်သားများ ခေတ္တရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု (Worker Mobility) တိုးမြှင့်ခြင်းနှင့်
- အမျိုးသားအဆင့် အရည်အသွေးမူဘောင် (National Qualification Framework - NQF) ထူထောင်ခြင်း

စတဲ့ မူဝါဒတွေ ချမှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လုပ်သားဈေးကွက်အားဆန်းစစ်ရာ၌ ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မှုမရှိခြင်း၊ ကျွမ်းကျင်မှု သင်တန်းများပေးနိုင်ရေးအတွက် အရည်အချင်းပြည့်မီသော သင်တန်းနည်းပြများ လုံလောက်စွာမရှိခြင်း၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုမှုမှာ လုပ်ငန်းခွင်လက်တွေ့ ဆောင်ရွက်လုပ်ကိုင်နေသော ပစ္စည်းကိရိယာများနှင့် နည်းပညာကွာဟမှုရှိခြင်း၊ Public Private Partnership (PPP) ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ အဆိုးဝါးဆုံးအနေဖြင့် လုပ်ငန်းခွင်တွင် လက်ရှိ ကျွမ်းကျင်မှုရှိသော လုပ်သားများအား ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်မှုမရှိခြင်းစသည့် အချက်တွေမှာ အားနည်းမှုတွေရှိနေပါတယ်။

လက်ရှိတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်နေသည့်ကာလဖြစ်သည့်အပြင် ပြည်ပမှရင်းနှီးမြှုပ်နှံမှု များ ဝင်ရောက်လာချိန်တွင် မိမိတို့အနေဖြင့် ကျွမ်းကျင်လုပ်သားများအား ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ များနှင့်အညီ မွေးထုတ်ပေးနိုင်မည်ဆိုပါက ကျွမ်းကျင်လုပ်သား ပြတ်လပ်မှု ပြဿနာကို ဖြေရှင်းပေးနိုင်မည် ဖြစ်သော် လည်း လက်တွေ့တွင် ပြည်တွင်းလုပ်သားဈေးကွက်၌ နိုင်ငံခြားသားလုပ်သားများက အချို့နေရာတွေမှာ အစားထိုးနေရာယူလျှက်ရှိပါတယ်။

ဒါကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သကဲ့သို့ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို အမိအရ မဆုပ်ကိုင်နိုင်ပါက မိမိတို့ လက်ရှိ အခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးရသည့် အနေအထားနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ စိန်ခေါ်မှုများ တွေ့ကြုံလာ နိုင်ပါတယ်။

မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော စီးပွားရေးဈေးကွက်နှင့်အညီ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အလုပ်ဌာန/စက်ရုံများတွင် ကျွမ်းကျင် လုပ်သားများနှင့် အင်ဂျင်နီယာများ အချိုးကျကျ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေကြောင်း အထူးသတိပြုမိကြမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် အလျှဉ်းသင့်လို့ အလုပ်ရှင်များကို မေတ္တာရပ်ခံလိုတာကတော့ အလုပ်သမားများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိလာတာနဲ့အမျှ မိမိရဲ့လုပ်ငန်းတိုးတက်လာမှာ ဖြစ်တဲ့အတွက် မိမိတို့ရဲ့ အလုပ်သမားတွေကို လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှုသင်တန်းတွေ တက်ရောက်နိုင်ရေး အလေးထားဆောင်ရွက်ပေးစေလိုပါတယ်။

ယခု အမျိုးသားအဆင့်လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (National Skills Development Forum) ဆွေးနွေးချက်များသည် စီးပွားရေးဈေးကွက်နှင့်အညီ မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊ အမျိုးသားအဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးအတွက် မျှဝေပေးရန်၊ မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် မူဝါဒရေးရာဆိုင်ရာသဘောတရားများ၊ လေ့ကျင့်ရေးစနစ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ သဘော တရားများအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ဆွေးနွေးအကြံပြုချက်များ ဖော်ထုတ်ပြီး ထိရောက်စွာ အသုံးပြုနိုင်မည့် အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး အတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် ပါဝင်




ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတ မှ အဖွင့်အမှာစကား ပြောကြားခြင်း




ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတ မှ အဖွင့်အမှာစကား ပြောကြားခြင်း

ဆောင်ရွက်နေသူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်တို့အတွက် အသိပညာများနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးသွားနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်ထောင်စုအစိုးရ၏ ပြည်သူလူထုအကျိုးပြု ရှေးရှုဆောင်ရွက်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယနေ့ကျင်းပတဲ့ အမျိုးသားအဆင့်လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှ ရရှိလာတဲ့ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူအဆင့်ဆင့်က တာဝန်ယူဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၇-၅-၂၀၁၆ ရက်နေ့တွင် နေပြည်တော် MICC-II ၌ ကျင်းပပြုလုပ်သည့် "အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ"တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပြောကြားသည့် အဖွင့်အမှာစကား

ယနေ့ကျင်းပပြုလုပ်သော အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ(National Skills Development Forum) ကို တက်ရောက်လာကြသော နိုင်ငံတော်ဒုတိယသမ္မတ၊ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးများ၊ လွှတ်တော် အသီးသီးမှ လွှတ်တော်ရေးရာ ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဂျာမန်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(German Development Cooperation – GIZ), ILO, ADB, LUXDEV, Swiss Agency for Development and Cooperation, IOM, UNESCO, UNOPS, British Council, Swisscontact အစရှိသော NGO ၊ INGO များမှကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနဲ့ ကြွရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (National Skills Development Forum)သည် ပြည်ထောင်စုအစိုးရ၏ ပြည်သူအတွက်ပထမရက်(၁၀၀)စီမံချက်အရ ပြည်သူအကျိုးရှေးရှုကာ မြန်မာ့လုပ်သားထုအတွက်၊ ထိရောက်သော အစီအမံများ ဒေသအလိုက် တပြေးညီ ဆောင်ရွက်ပေးနိုင်ရေးကိုရည်ရွယ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ပါတယ်။

ယခုဆွေးနွေးပွဲသည် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေအရ အကောင် အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားအဆင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင် စေရေးအတွက် မျှဝေပေးရန်၊ မြန်မာလုပ်သားထု ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒရေးရာဆိုင်ရာ သဘောတရားများ၊ လေ့ကျင့်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတရားများ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ သဘောတရားများအပေါ် အခြေခံ၍ ဖြစ်နိုင်သော အကြံပြုချက်များ ရှာဖွေဖော်ထုတ်ရန်နှင့် ထိရောက်စွာ အသုံးပြုနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် ပါဝင်ဆောင်ရွက်နေသူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်တို့အတွက် ဖြစ်ပါတယ်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်နယ်။ တိုင်းဒေသကြီးတို့ရှိ အလုပ်အကိုင်အခွင့်အလမ်းများ တင်ပြခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဆက်စပ်နေသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးဆွေးနွေးခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ဒေသအလိုက် လုပ်သားဈေးကွက်တွင် လိုအပ်နေသော အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" များသတ်မှတ်ခြင်းနှင့် စိစစ်အကဲဖြတ်နိုင်ရေးဆောင်ရွက်နိုင်ရေး၊ ဒေသအလိုက် ကျွမ်းကျင်မှု

အလုပ်အကိုင်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေး ညှိနှိုင်းခြင်း၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအစီအစဉ်များ တင်ပြဆွေးနွေးခြင်း၊ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှလည်း ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်နေမှုစာတမ်းများတင်ပြခြင်းနှင့် ရှေ့ ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းကဏ္ဍများကို ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံလူဦးရေ (၅၁. ၄) သန်းခန့်အနက် အလုပ်လုပ်နိုင်သောလူဦးရေ (၃၂)သန်းခန့်ရှိတဲ့အတွက် အလုပ်လုပ်နိုင်သော လုပ်သားအင်အားပါဝင်မှုနှုန်း (၆၇%) ခန့်ရှိပါတယ်။ ပြည်ပမှလာရောက် ရင်းနှီးမြှုပ်တဲ့အခါ မိမိတို့ အလုပ်သမားတွေဟာ Unskilled တွေများ နေတဲ့အတွက် ဝင်ရောက်လာမယ့် FDI တွေအတွက် Semi-skilled နဲ့ Skilled-workerတွေမွေးထုတ်ပေးဖို့ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုမြှင့်တင်ပေးဖို့အတွက်ရော၊ ၂၀၁၅ ခုနှစ် အကုန်ကစ၍ ဝင်ရောက်လာသော ASEAN Economic Community - AEC မှာ အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်း လုပ်ကိုင်တဲ့အခါ မိမိနိုင်ငံ သားလုပ်သားတွေ Skilled worker တွေဖြစ်ဖို့အတွက် Vocational Training Centre အပြင် Testing Centre များလည်း တည်ထောင်ပြီး အမျိုးသားအဆင့် ကျွမ်းကျင်မှု အဆင့်အတန်းများ စိစစ်အကဲဖြတ်ပေး၍ မြန်မာလုပ်သားများအား အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံတွင်လက်ရှိ ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ကဏ္ဍများမှာရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်စွမ်းအား၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်းစသည့် နယ်ပယ်များ ပါဝင်ကြောင်းသိရှိရပြီး အဆိုပါလုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်း လိုအပ်ချက်လည်း မြှင့်တက်လျှက်ရှိပါတယ်။

ယခုဆွေးနွေးပွဲကိုတက်ရောက်လာကြတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးများအနေဖြင့် မိမိတို့ဒေသများတွင် ဖြစ်ပေါ်လာမည့်စက်မှုလုပ်ငန်း (Industries) များ၊ စီးပွားရေးဇုန် (Industrial Zones)များအတွက် လိုအပ်လာမည့် အလုပ်သမားအရေအတွက်နှင့် ၎င်းတို့၏လိုအပ်သော ကျွမ်းကျင်မှုအရည်အသွေးများ၊ အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ သိရှိနိုင်သဖြင့် ယခုဆွေးနွေးပွဲမှ ရရှိသော သတင်းအချက်အလက်များအရ မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်အကောင်အထည်ဖော်သွားနိုင်မှာဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် စွမ်းရည်ပြည့်ဝသော လုပ်သားထုရရှိရေးအတွက် အလုပ်အကိုင်များအား ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးဆွဲခြင်း၊ လုပ်သားများအနေဖြင့် မိမိ၏အရည်အချင်းအရ ရရှိသင့်သော ကျွမ်းကျင်မှုအဆင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားရေးတို့ကို စိစစ်အကဲဖြတ် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority – NSSA)ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။

NSSA အနေဖြင့် မြန်မာ့လုပ်သားဈေးကွက်ရှိ အလုပ်အကိုင်(၁၇၃)မျိုး၏ လုပ်ရည်ကိုင်ရည် ကျွမ်းကျင်မှု "စံ"အား အကြမ်းရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်လိုသော မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် NSSA မှ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ လေ့ကျင့်ပေးခြင်းအတွက် အခြေခံလိုအပ်ချက်ကို ဖြည့်တင်းနေပြီဖြစ်ပါတယ်။ သို့သော် လေ့ကျင့်ပေးရန် အဆောက်အဦ Infrastructures၊

သင်တန်းသုံးပစ္စည်း၊ Material and Furniture နှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်လျက်ရှိပါတယ်။ ယခုတက်ရောက်လာသော နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် တက်စွမ်းသရွေ့ ကူညီပေးရန် မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော်အနေဖြင့် မြန်မာ Workforce Development အတွက် စဉ်းစားရာမှာ ပြည်တွင်းသာမက ပြည်ပ အလုပ်အကိုင်များရှိ Workforce Development ဖြစ်ရန်လည်း စဉ်းစားရမည်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံမှ ပြည်ပထွက်ခွာ အလုပ်လုပ်နေသူများရှိနေပြီး အဆိုပါအလုပ်လုပ်နေသူများအား ကျွမ်းကျင်လုပ်သားအဖြစ် လေ့ကျင့်ပေးနိုင်လျှင် ပြည်ပနိုင်ငံများတွင် အလုပ်သမားများအတွက် ရပိုင်ခွင့်၊ ခံစားခွင့်များ ပိုလာနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ပူးပေါင်းကာ နယ်စပ်ဒေသရှိ တိုင်းရင်းသား အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်အရ ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နောင်တွင် ရွှေ့ပြောင်းလုပ်ကိုင်လိုသူ အများဆုံးရှိနေသော ပြည်နယ်/တိုင်းဒေသကြီးများ၊ ဥပမာ - မကွေး၊ ဧရာဝတီ၊ ကယား၊ ရှမ်း၊ ကရင်၊ မွန်တို့တွင် အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"များနှင့် ကိုက်ညီသော ကျွမ်းကျင်သင်တန်းကျောင်းများထူထောင်ရန် လိုအပ်နေကြောင်း ပြောကြားလိုပါတယ်။

မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ၊ Centre for Vocational Training (CVT)နဲ့ ပူးပေါင်းပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းဖွင့်လှစ်၍ Dual Training သင်တန်းများကို အခမဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (German Development Cooperation - GIZ)ကလည်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ရဲ့ နိုင်ငံအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးသွားမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Workforce development plan ရေးဆွဲစေပြီး နိုင်ငံအဆင့်ပေါင်းစပ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Training Centre နဲ့ Testing Centre တွေ ဖွင့်လှစ်သွားဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ ပြဋ္ဌာန်းပြီးသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် မြန်မာလုပ်သားများ အလုပ်အကိုင်ရရှိရေး၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေ့ကျင့်သင်ကြားရေးအစီအမံများဆောင်ရွက်ရန် ကျွမ်းကျင်မှုလေ့ကျင့်ရေးရန်ပုံငွေ ထူထောင်ရေးတို့ကို ထည့်သွင်းရေးဆွဲထားပါတယ်။ သို့သော် ရန်ပုံငွေ ပီပီပြင်ပြင်မပေါ်ပေါက်ခင်ဆောင်ရွက်မှုတိုင်းအတွက် အကူအညီများလိုအပ်နေပါတယ်။

နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်သားထု အရည်အသွေးပြည့်ဝရန် Competency ကို အခြေပြု၍ လေ့ကျင့်မှုအသိအမှတ်ပြုမှုနဲ့ သင်တန်းကျောင်းထူထောင်မှုတို့ကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်ကို လေ့လာနိုင်သဖြင့် တစ်နိုင်ငံလုံးရှိ လုပ်သားများ ကျွမ်းကျင်မှုလေ့ကျင့်ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်သွားရန်လိုအပ်ပါတယ်။




**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခြင်း**

ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standard Authority – NSSA) ၏လုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၊ တိုင်းဒေသကြီးများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် လုပ်သားများ ကျွမ်းကျင်မှု အရည်အသွေးများ တိုးတက်လာရေးကို အထောက်အကူပြုနိုင်မည့်အချက်များ ပီပီပြင်ပြင်ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါတယ်။ ယခုဆွေးနွေးပွဲ ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးပါသော ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (German Development Cooperation – GIZ) ၊ ILO ၊ ADB ၊ Luxdev ၊ Swiss Agency for Development and Cooperation (SDC) ၊ Swisscontact နှင့် အခြားဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ ပါဝင်ဆွေးနွေးပေးကြသူများ၊ ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသော အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပခြင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြုစုတင်ပြထားသည့် ပြည်ထောင်စုအစိုးရသစ်ကာလ ရက်(၁၀၀)အတွင်း ပြည်သူလူထု၏မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် အမျိုးသားအဆင့်လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန် လျာထားပါရှိသည့်အတွက် ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေက တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာနှင့် သက်ဆိုင်သောဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း(၂၃၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်သူများစာရင်းကို နောက်ဆက်တွဲဖြင့် တင်ပြအပ်ပါသည်။

### ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး ဥပဒေအရ ဆောင်ရွက်နေမှု အခြေအနေများကို မျှဝေပေးနိုင်ရန်၊ မြန်မာနိုင်ငံတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးအတွက် နည်းလမ်းများ သတ်မှတ်နိုင်ရန်နှင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်မည့် နည်းလမ်းများထားရှိ ဆောင်ရွက်နိုင်ရန် မူဝါဒများ၊ ဥပဒေများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုချက်များ ရှာဖွေဖော်ထုတ်နိုင်ရန်ဖြစ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားခြင်း

ဆွေးနွေးပွဲအစီအစဉ်အရ ဆွေးနွေးပွဲကို ၂၇-၅-၂၀၁၆ ရက်နေ့ နံနက်(၉)နာရီအချိန်တွင် စတင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအနေဖြင့် ပြည်သူ့အတွက် ပထမရက်(၁၀၀) စီမံချက်အတွင်း အလျင်အမြန် ဆောင်ရွက်နိုင်မည့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းစဉ်များကို စီမံချက်ချမှတ်ရေးဆွဲ၍ အကောင် ထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားချက်နှင့်အညီ ယနေ့ကျင်းပပြုလုပ်သော အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (National Skills Development Forum) သည်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ရက်ပေါင်း(၁၀၀) အတွင်း သတ်မှတ်ထားခဲ့သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဒုတိယသမ္မတက ပြည်ထောင်စုအစိုးရ၏ ပြည်သူလူထု အကျိုးပြုရေးရှုဆောင်ရွက်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယနေ့ကျင်းပသည့် အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲမှ ရရှိလာသည့် ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူ အဆင့်ဆင့်က သက်ဆိုင်ရာကဏ္ဍအလိုက် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း စသည်တို့ကို ပြောကြားခဲ့ပါသည်။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားခြင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်နယ်။ တိုင်းဒေသကြီးတို့ရှိ အလုပ်အကိုင် အခွင့်အလမ်းများ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဆက်စပ်နေသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လုပ်သားဈေးကွက်တွင် လိုအပ်နေသော အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု “စံ” များ သတ်မှတ်ခြင်းနှင့် စိစစ်အကဲဖြတ်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေး၊ ဒေသအလိုက် ကျွမ်းကျင်မှုအလုပ်အကိုင်ဆိုင်ရာ သင်ရိုး ညွှန်းတမ်း ရေးဆွဲနိုင်ရေး၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအစီအစဉ်များ၊ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများမှလည်း ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်း ကဏ္ဍများကို ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံလုပ်သားထု ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံးမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Workforce Development Plan ရေးဆွဲစေပြီး နိုင်ငံအဆင့်ပေါင်းစပ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Training Centre နှင့် Testing Centre များ ဖွင့်လှစ်သွားရန် ဆောင်ရွက် လျက်ရှိပါကြောင်း၊ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားထု အရည်အသွေးပြည့်ဝရန် Competency ကို အခြေပြု၍ လေ့ကျင့်မှုအသိအမှတ်ပြုမှုနှင့် သင်တန်းကျောင်းထူထောင်မှုတို့ကို မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်ကို လေ့လာနိုင်သဖြင့် တစ်နိုင်ငံလုံးရှိ လုပ်သားများ ကျွမ်းကျင်မှုလေ့ကျင့်ရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်သွားရန် လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဌာန်းရေးအဖွဲ့ (National Skills Standard Authority - NSSA) ၏ လုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်/တိုင်းဒေသကြီးများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးရေးနှင့် လုပ်သားများ ကျွမ်းကျင်မှု အရည်အသွေးများ တိုးတက်လာရေးကို အထောက်အကူ ပြုနိုင်မည့်အချက်များ ဖော်ထုတ်နိုင်မည်ဟု ယုံကြည်မိပါကြောင်း စသည်တို့ကို ပြောကြားခဲ့ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က မြန်မာ လုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးဆိုင်ရာ နည်းစနစ်များနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်း**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်က မြန်မာ လုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးဆိုင်ရာ နည်းစနစ်များနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာတွင် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မြန်မာလုပ်သားထုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရှိရသော စိန်ခေါ်မှုများနှင့် အခက်အခဲများ၊ မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် နိုင်ငံအဆင့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံအဆင့်လိုအပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ဒေသအဆင့် ရှေ့လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ဒေသအဆင့် လိုအပ်ချက်များ၊ ချိတ်ဆက်ဆောင်ရွက်ရမည့်။ ထူထောင်ရမည့် လုပ်ငန်းယန္တရား၊ ဦးစားပေးကျွမ်းကျင်မှုဧရိယာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၏အခန်းကဏ္ဍတို့ကို ဆွေးနွေးပွဲ ရလာဒ်များအဖြစ် ရရှိလာပြီး အဆိုပါလုပ်ငန်းစဉ်များအနက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် တင်ပြဆွေးနွေးခဲ့ပါသည်။

**အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်း**

ဆက်လက်၍ နိုင်ငံတော် ဒုတိယသမ္မတဦးဆောင်သော ဧည့်သည်တော်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခြင်းပြုလုပ်၍ ဆွေးနွေးပွဲတွင် ပြသထားသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှု ဓာတ်ပုံများအား ကြည့်ရှုကာ ဖွင့်ပွဲအခမ်းအနား ပြီးစီးခဲ့ပါသည်။




ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများ
အမှတ်တရဓာတ်ပုံ ရိုက်ကူးခြင်း




ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ
အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း




မှတ်တမ်းဓာတ်ပုံများ




မှတ်တမ်းဓာတ်ပုံများ




မှတ်တမ်းဓာတ်ပုံများ



မှတ်တမ်းဓာတ်ပုံများ

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ မြန်မာလုပ်သားထု၏ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှု

## သဘာပတိ - ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကဏ္ဍနှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးကျော်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ကဏ္ဍအသီးသီးကို ဆွေးနွေးခဲ့ကြပါသည်။

## အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ဉက္ကဌ ဦးမြင့်စိုးက လုပ်သားကျွမ်းကျင်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကိုယ်စား အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ဉက္ကဌ ဦးမြင့်စိုးက နည်းပညာဆိုင်ရာ သက်မွေးပညာဆိုင်ရာ ပညာရေးယူနစ်ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အခါ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများလည်း ပါရှိမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသေးပါကြောင်း၊ ထို့အပြင် ကျေးလက်နှင့် မြို့ပြကွာဟမှု နည်းပါးစေရန်အတွက် မူဝါဒများ ထိရောက်စွာချမှတ်နိုင်ရန် ခေါင်းဆောင်ကောင်းများ လိုအပ်နေသေးပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု အားနည်းနေသေးပါကြောင်း၊ ပြည်ပမှ ကျွမ်းကျင်လုပ်သားများ ဝင်ရောက်လာပါက မိမိတို့မြန်မာအလုပ် သမားများအနေဖြင့် ကျွမ်းကျင်မှုယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်ပါကြောင်း၊ အဆိုပါကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း၊ ထို့အပြင် ထိရောက်သည့် စီမံခန့်ခွဲမှု လိုအပ်ပါကြောင်း၊ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကကဏ္ဍကို အားပေးမှုများ ပြုလုပ်ခဲ့သော်လည်း ထိရောက်မှုရှိရန်အတွက် ကုန်သွယ်ခြင်း၊ ကုန်ထုတ် လုပ်ခြင်း၊ တီထွင်ဆန်းသစ်ခြင်းစသည့်ကဏ္ဍတို့အတွက် လုပ်ပိုင်ခွင့်လိုင်စင်များပေးရန် လိုအပ်လာပြီး ၂၀၂၀ ခုနှစ်ခန့်တွင် မြန်မာနိုင်ငံ၏စီးပွားရေး အခြေအနေသည် ပြန်လည်တိုးတက်လာရန် မျှော်မှန်းပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အရင်းအမြစ်များဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ်၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို အခြေခံရမည် ဖြစ်ပါကြောင်း ဆွေးနွေးပါသည်။

ထို့အပြင် အဆိုပါအရင်းအမြစ်များကို စနစ်တကျအသုံးချ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ထိရောက်အကျိုးရှိသည့် မူဝါဒများ ချမှတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာနိုင်ငံရှိ လူငယ်တိုင်း အခွင့်အရေးရှိ ပါကြောင်း၊ အဆိုပါနည်းပညာများသည်လည်း စက်ရုံ၊ အလုပ်ရုံများကို အခြေခံသည့် ပညာရပ်များဖြစ်ရန်အတွက် လိုအပ်ကြောင်း၊ ထို့အပြင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ကဏ္ဍနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေများ ချိတ်ဆက်မှုရှိရန် လိုအပ်ပါကြောင်း၊ ထို့နောက် ဂျပန်နိုင်ငံတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်စစ်ဆေး အကဲဖြတ်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ဆောင်ရွက်မှုများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာအဖွဲ့၏ အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ ဒုတိယဥက္ကဌ ဦးနော်အောင်က မြန်မာနိုင်ငံ အထည်ချုပ်စက်မှုလုပ်ငန်းတိုးတက်လာစေရန် မျှော်လင့်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ ဒုတိယဥက္ကဌ ဦးနော်အောင် က မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍသည် ယှဉ်ပြိုင်မှု အရှိန်မြင့်စွာဖြင့် အာရှဈေးကွက်တွင် ရုတ်တရက် ကျယ်ပြန့်လာပါကြောင်း၊ ၂၀၁၃ ခုနှစ် ပို့ကုန်စာရင်းမှတ်တမ်းအရ အမေရိကန်ဒေါ်လာသန်းပေါင်း(၁.၁)ကျော်ရရှိပါကြောင်း၊ ယခင် စစ်အစိုးရကို ဆန့်ကျင်၍ ချမှတ်ထားသော အမေရိကန်စီးပွားရေးပိတ်ဆို့မှုအား ပယ်ဖျက်ပေးပြီး အများအားဖြင့် မြန်မာနိုင်ငံကို(Burma)ဟု လူသိများသည့် မြန်မာနိုင်ငံတွင် ဈေးကွက်နှစ်ခုသည် အဓိကဖြစ်လာကြောင်း၊ အစိုးရသစ်၏ ခွင့်ပြုချက်ဖြင့် များပြားသော တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်နိုင်ငံ၏ (GSP) စနစ်နေရာ ပေးမှုများသည် သိသာထင်ရှားသော စက်မှုလုပ်ငန်းပြောင်းလဲမှု အကြောင်းပြချက်နှစ်ခုဖြစ်ပါကြောင်း၊ ဥရောပနိုင်ငံ၏ အထူးလုပ်ငန်းအဖွဲ့ ထောက်ပံ့မှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို ပြုပြင်ပြောင်းလဲခြင်း၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံနှင့် ဥရောပနှစ်နိုင်ငံကြား လုပ်ငန်းများ တက်ကြွစွာပို၍လုပ်ဆောင်နိုင်ရန်ဖြစ် ကြောင်း ဆွေးနွေးပါသည်။

ဥရောပဖွံ့ဖြိုးမှုကော်မရှင် Andris Piebalgs တွင် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ပညာရေးကဏ္ဍများ ၂၀၁၄ ခုနှစ် မှ ၂၀၂၀ ခုနှစ်ထိ ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဖော်ပြထားပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်မှုအသစ်ဖြင့် လွယ်ကူစေသော စီးပွားရေးကဏ္ဍ ထက်ကျော်လွန်၍ တိုးတက်မှုများရှိရန် ဦးဆောင်ခြင်းဖြစ်ပါ ကြောင်း၊ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်ရန်နှင့် ယခုအခါ စက်ရုံများသည် ပတ်ဝန်းကျင် အခြေအနေ များနှင့် ကိုက်ညီအောင် လိုအပ်သောအဆင့်များ ပြုလုပ်ရန် ဖိအားပေးခံနေရပါကြောင်း၊ အခြားအာရှနိုင်ငံများမှ ကုန်ပစ္စည်းသွင်းသူများသည် ဥပဒေလျှော့နည်းမှု၏ အားသာချက်များကို ရယူနေစဉ် မြန်မာနိုင်ငံရှိ စက်ရုံများသည် အမေရိကန်နိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ရန်နှင့် အမေရိကန်နိုင်ငံ၏ အလုပ်သမား ဘေးကင်းလုံခြုံမှု လိုအပ်မှုများ ကိုက်ညီအောင် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းကဏ္ဍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဥရောပသမဂ္ဂများမှ ဥရောပငွေ (၂.၈) ယူရို ရရှိရန် သတ်မှတ်ထားပါကြောင်း၊ ငွေကြေးရရှိမှု များသည် အလုပ်သမားများအတွက် သဘာဝပတ်ဝန်းကျင် အသိပညာပေး တည်ဆောက်မှုဖြင့် "မြန်မာနိုင်ငံထုတ်ကုန်"အဖြစ် ရည်မှန်းချက်ကို ယှဉ်ပြိုင်စေခြင်း၊ ရေရှည် တည်တံ့ရေးနှင့် လူမှုကာကွယ်ရေးတို့အတွက် ပဏာမခြေလှမ်း၏ ဒုတိယအဆင့်ကို ထောက်ပံ့ပေးခြင်း ဖြစ်ပါကြောင်း ဆွေးနွေးပါသည်။

၂၀၁၄ ခုနှစ်တွင် အထည်ချုပ် ထုတ်ကုန် အမေရိကန်ဒေါ်လာ (၁.၅၆) ဘီလီယံ တင်ပို့နိုင်ခဲ့ပါကြောင်း၊ အဆိုပါအချက်သည် (၂) နှစ်အတွင်း အထည်ချုပ်ပို့ကုန်မှ အကျိုးအမြတ်ရရှိငွေသည် နှစ်ဆနီးပါး တင်ပို့နိုင်သည်ကို ဖော်ပြနေပါကြောင်း၊ အထည်ချုပ် တင်ပို့မှုသည် ခန့်မှန်းခြေအားဖြင့် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း (၁.၂) နှင့် ၂၀၁၂ ခုနှစ်တွင် အမေရိကန် ဒေါ်လာသိန်းပေါင်း (၉၀၀) ကျော် တင်ပို့နိုင်ခဲ့ ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထည်ချုပ်တင်ပို့မှုအား အမေရိကန်ဒေါ်လာ (၂) ဘီလီယံအထိ ဝင်ငွေရရှိမည်ဟု ကြိုတင်ခန့်မှန်းထားမှုရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက လုပ်သားကျွမ်းကျင်မှုနှင့် အနာဂတ်မြန်မာနိုင်ငံတော်ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက မြန်မာလုပ်သားထုအတွက် အနာဂတ်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အာဆီယံပေါင်းစည်းမှုတွင် ကျွမ်းကျင်လုပ်သားများ ရွှေ့ပြောင်းသွားလာခြင်း၊ စက်ရုံအလုပ်ရုံများ ပြိုင်ဆိုင်မှု ပြင်းထန်လာခြင်း၊ ကုန်ထုတ်လုပ်မှုသည် အဓိကသော့ချက်ဖြစ်လာခြင်း၊ လုပ်ငန်းခွင် တည်မြဲရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးသည် အရေးကြီးလာခြင်းအစရှိသည့်ကဏ္ဍတို့အတွက် စိန်ခေါ်မှုများရှိပါကြောင်း၊ ကာလတိုစီမံကိန်းအနေဖြင့် ၂၀၂၀ ခုနှစ်အထိ စက်ရုံများကို ဦးစားပေးကဏ္ဍရွေးချယ်၍ အဆင့်မြှင့်တင် ဆောင်ရွက်ရန်ရှိပါကြောင်း၊ ကာလလတ်စီမံကိန်းကို ၂၀၂၅ ခုနှစ်အထိလည်းကောင်း၊ ကာလရှည်စီမံကိန်းကို ၂၀၃၀ ခုနှစ်အထိလည်းကောင်း သတ်မှတ်ထားပါကြောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းတွင်းလေ့ကျင့်ရေးဟူ၍ ရှိပါကြောင်း၊ ပုံမှန်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးတို့တွင် စက်ရုံ၊ အလုပ်ရုံ၏ ကျွမ်းကျင်မှုလိုအပ်ချက်နှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း ဆွေးနွေးပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ မူဝါဒချမှတ်ခြင်းအဆင့် (Policy Level) တွင်လည်းကောင်း၊ ထိန်းကျောင်းပဲ့ကိုင်သည့်အဆင့် (Steering Level) တွင်လည်းကောင်း၊ စံချိန်စံညွှန်း ရေးဆွဲသတ်မှတ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့် နည်းပညာအဆင့် (Technical Level) တွင်လည်းကောင်း အသီးသီးပါဝင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority - NSSA)၏ ကျွမ်းကျင်မှု "စံ"များ ရေးဆွဲသတ်မှတ်ခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း၊ ကျွမ်းကျင်မှုအရည်အသွေးမူဘောင်ကို အခြားနိုင်ငံများနှင့်တစ်ပြေးညီသတ်မှတ်နိုင်ရန်ဆောင်ရွက်ခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှုလိုအပ်ချက်ကို သိရှိနိုင်ပြီး ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် အကူအညီပေးခြင်း၊ အခြားဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်ကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပါသည်။

## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအား အကောင်အထည်ဖော်နေမှုခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခြင်း

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာတွင် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ"များကို ရေးဆွဲရန် လုပ်ငန်းစဉ်များမှာ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီသည့် ကျွမ်းကျင်မှု "စံ"များရရှိရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း၍ ဦးစားပေးအလုပ်အကိုင်များ

သတ်မှတ်ရပါကြောင်း၊ ထို့နောက် ကျွမ်းကျင်မှု "စံ" ရေးဆွဲရန် အတွက် အလုပ်အကိုင်အပေါ်မူတည်၍ ကျွမ်းကျင်သူအဖွဲ့ကို ဖွဲ့စည်းရပါကြောင်း၊ ထို့နောက် နိုင်ငံတကာကျွမ်းကျင်သူများ၊ ပြည်တွင်း အလုပ်ရှင်များ၊ ကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ ကျွမ်းကျင်မှု "စံ" မူကြမ်းအား ပြင်ဆင်ရေးဆွဲရပါကြောင်း၊ ထို့နောက် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူရန် လိုအပ်ပါကြောင်း ဆွေးနွေးပါသည်။

ကျွမ်းကျင်မှု "စံ" အပေါ်အခြေခံ၍ လေ့ကျင့်ရေး "စံ"နှင့် စစ်ဆေးအကဲဖြတ်ရေး စီမံချက်များကို ရေးဆွဲရပါကြောင်း၊ ထို့နောက် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များနှင့် ကျွမ်းကျင်မှု "စံ" အခြေပြု သင်ရိုးညွှန်းတမ်းရေးဆွဲရေး ဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပါသည်။ ထို့အပြင် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှု "စံ"များကို ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီး ဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ညှိနှိုင်း၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်း (၅) နိုင်ငံ အပြန်အလှန် အသိအမှတ်ပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှု "စံ"များတွင် Unit အလိုက် ကျွမ်းကျင်မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်မည့် ကဏ္ဍများပါဝင်သည့်အတွက် စက်ရုံ၊ အလုပ်ရုံများ အနေဖြင့် မိမိတို့လုပ်ငန်းခွင်နှင့် ကိုက်ညီစေရန်အတွက် လုပ်သားများကို မွေးထုတ်ပေးရန် Module အလိုက် သင်တန်းများပေးလျှင် ရနိုင်ပါကြောင်း၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့အနေဖြင့် လက်ရှိတွင် လူထုအကြား အသိပညာမျှဝေရန် လိုအပ်နေသေးပါကြောင်း၊ ဘတ်ဂျက်အခက်အခဲ နှင့် အကန့်အသတ်ရှိပါကြောင်း၊ နည်းပြများအနေဖြင့် နည်းပညာမြှင့်တင်ရန်လိုအပ်ပါကြောင်း၊ ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပါသည်။




**အဖွဲ့လိုက်ဆွေးနွေးခြင်း**

# ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများ၊ အလားအလာများနှင့် မူဝါဒရေးရာ ကိစ္စရပ်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှုများ

သဘာပတိ - အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

## ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စိန်ခေါ်မှုများ၊ အလားအလာများနှင့် မူဝါဒရေးရာကိစ္စရပ်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးရာ

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိန်ခေါ်မှုများ၊ အလားအလာများ နှင့် မူဝါဒရေးရာကိစ္စရပ်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ရှင်းလင်းဆွေးနွေးပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးတင်ပြခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးတင်ပြရာတွင် သီလဝါအထူးစီးပွားရေးဇုန်အတွက် ကျွမ်းကျင်လုပ်သား လိုအပ်လျက်ရှိပါကြောင်း၊ ဒေသခံအလုပ်သမားများအနေဖြင့် ကျွမ်းကျင်မှုရှိသော်လည်း ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် မရှိသည့်အတွက် အထွေထွေလုပ်သားများအဖြစ်သာ လုပ်ကိုင်နေရပါသဖြင့် အဆိုပါအလုပ်သမားများကျွမ်းကျင်မှု သင်တန်းတက်ရောက်နိုင်ရန် နိုင်ငံတော်မှစီစဉ်ပေးသင့်ပါကြောင်း၊ အလုပ်ရှင်အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို သိရှိသင့်ပါကြောင်း၊ အလုပ်သမားများအတွက် ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ်ရရှိရန်လိုအပ်သည့်အတွက် ပူးပေါင်းကူညီဆောင်ရွက်သင့်ပါကြောင်း၊ လုပ်သားဈေးကွက်နှင့် ကိုက်ညီသည့် အလုပ်အကိုင်များအတွက် သင်တန်းများပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## နေပြည်တော်ကောင်စီနယ်မြေအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ဆွေးနွေးတင်ပြခြင်း

နေပြည်တော်ကောင်စီနယ်မြေအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ဆွေးနွေးတင်ပြရာတွင် နေပြည်တော်ကောင်စီနယ်မြေတွင် စက်မှုဇုန် ပေါ်ပေါက်ရန် လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ရွှေ့ပြောင်းလုပ်သားများ လုပ်ကိုင်လျက်ရှိနေသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးအတွက် ကျွမ်းကျင်မှုသင်တန်း၊ သက်မွေးပညာ သင်တန်းများ ပေးသွားစေလိုပါကြောင်း၊ သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ချင်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက ဆွေးနွေးတင်ပြခြင်း

ချင်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက ဆွေးနွေးတင်ပြရာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ထင်းရှူးဆီစက်ရုံစသည့်လုပ်ငန်းတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှိနေပါသော်လည်း ကျွမ်းကျင်မှုသင်တန်းများပေးရန် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းနှင့် budget လုံလောက်မှုမရှိခြင်းတို့ ကြုံတွေ့နေရပါကြောင်း၊ လုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်အတု ပြုလုပ်မှုများရှိနေသည့်အတွက် အထူးကြပ်မတ်ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ဆွေးနွေးတင်ပြခြင်း

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ဆွေးနွေးတင်ပြရာတွင် ဒေသအတွင်း ကျွမ်းကျင်မှုသင်တန်းများ ပေးစေလိုပါကြောင်း၊ ရေလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းတို့တွင် ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ကိုင်နိုင်ပါက ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ခြင်းမှ လျော့နည်းသွားစေမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံလိုသူများရှိသော်လည်း လျှပ်စစ်ဓာတ်အားလောက်ငှမှုမရှိကြောင်း၊ ဒေသအတွင်း ကျွမ်းကျင်မှု သင်တန်းများပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဆွေးနွေးတင်ပြခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဆွေးနွေးတင်ပြရာတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အကောင်အထည်ဖော်ရာ၌ အားနည်းမှုများရှိ နေသေးပါကြောင်း၊ စက်မှုလုပ်ငန်းများတွင် ကုန်ပစ္စည်းများသည် စျေးကွက်အရည်အသွေး မပြည့်မီသည့်အတွက် လုပ်ငန်းရပ်ဆိုင်းထားရခြင်းများရှိပါကြောင်း၊ စက်ကြီးမောင်းသင်တန်း၊ ယာဉ်မောင်းသင်တန်းများပေးအပ်ရန် လိုအပ် လျက်ရှိပါကြောင်း၊ သင်တန်းဆရာ၊ သင်တန်းနေရာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်လျက်ရှိပါကြောင်း၊ သင်တန်း သားများကို သင်တန်းပေးရန်အတွက် သင်တန်းစရိတ်စီစဉ်ပေးရန် လိုအပ်ပါကြောင်း၊ Wiring ၊ Air conditioning သင်တန်း၊ စက်ကြီးမောင်းစသည့်သင်တန်းများကို ပေးသွားရန်ရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ဆွေးနွေးတင်ပြခြင်း

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ဆွေးနွေးတင်ပြရာတွင် ဘားအံစက်မှုဇုန်တွင် စက်ရုံ ၁၇ ရုံရှိသော်လည်း စက်ရုံ ၈ ရုံသာ လည်ပတ်နိုင်ပြီး လုပ်သား ၇၂၈ ဦးခန့်ကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးထားလျက်ရှိပါကြောင်း၊ တန်(၉၀၀)နှင့် တန်(၄၀၀၀) ဘိလပ်မြေစက်ရုံ ၂ ရုံတွင် ဒေသခံပြည်သူ ၁၈၇၃ ဦးအား အလုပ်အကိုင် ဖန်တီးပေးထားလျက်ရှိပါကြောင်း၊ ဟိုတယ်လုပ်ငန်းနှင့် ရာဘာလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်သူများလည်းရှိပါကြောင်း၊ IOM နှင့် Swisscontact တို့မှ ပူးပေါင်း၍ သင်တန်းသား ၆၀၀ ကျော်ကို သင်တန်းပေးထားပြီးဖြစ်ပါကြောင်း၊ လုပ်သားထု၏ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် BAJA ၊ NC ၊ ADRA တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ကယားပြည်နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကျော်ဝင်းက ဆွေးနွေးတင်ပြခြင်း

ကယားပြည်နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကျော်ဝင်းက ဆွေးနွေးတင်ပြရာတွင် သတ္တုရှာဖွေရေး၊ ခဲသန့်စင်ရေးလုပ်ငန်းတို့တွင် ကျွမ်းကျင်လုပ်သား လိုအပ်မှုများပြားလျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ဒေသခံ လုပ်သားများအနေဖြင့် လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုမရှိသဖြင့် အခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်နေရပါကြောင်း၊ သူနာပြုသင်တန်းများတွင်လည်း သင်တန်းဆရာနှင့် ကျောင်းသား အင်အားမျှတမှုမရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။



**ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွင့်ရှုလှိုင်ထွေး မှ ဆွေးနွေးပြောကြားခြင်း**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ဆွေးနွေးတင်ပြခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်က ဆွေးနွေးတင်ပြရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီဖြစ်သည့်အတွက် သတ္တုတွင်းလုပ်သားများ၊ သစ်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ယဉ်ကျေးမှုလုပ်ငန်းများရှိ အလုပ်အကိုင်များတွင် လုပ်ကိုင်နေကြသော လုပ်သားများအနေဖြင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့က ထုတ်ပေးသော ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိရန် လိုအပ်ပါကြောင်း၊ လုပ်သားများအနေဖြင့် ကျွမ်းကျင်မှုရှိပြီး ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် မရှိသည့်အတွက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ရရှိနိုင်စေရန် ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ရှမ်းပြည်နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆွေးနွေးတင်ပြခြင်း

ဆက်လက်၍ ရှမ်းပြည်နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆွေးနွေးတင်ပြရာတွင် လူငယ်သင်တန်းကျောင်း၊ စက်မှုသင်တန်းကျောင်း ၆ ကျောင်းရှိပါကြောင်း၊ အဆိုပါကျောင်းများတွင် တယ်လီဖုန်း handset ပြင်သင်တန်း၊ အမျိုးသမီး အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်အေးအေးမိုး က ဆွေးနွေးတင်ပြခြင်း

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်အေးအေးမိုး က ဆွေးနွေးတင်ပြရာတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများနှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါကြောင်း၊ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်းကို ပြည်သူလူထုကျယ်ကျယ် ပြန့်ပြန့်သိရှိရန် လိုအပ်ပါကြောင်း၊ ထို့အပြင် သင်တန်းသားများအား သင်တန်းတက်ရောက်ပြီးပါက အလုပ်အကိုင်များ နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ရေလုပ်သားများအတွက် ငါးဖမ်းလိုင်စင်ရရှိရန် အခွင့်အလမ်း နည်းပါးနေပါကြောင်း၊ ဆားချက်ခြင်းလုပ်ငန်းများအတွက် နည်းပညာနှင့် ကျွမ်းကျင်လုပ်သား လိုအပ်နေသေးပါကြောင်း၊ လက်မှုပညာလုပ်ငန်းတွင် ကျွမ်းကျင်မှုနှင့် အဆင့်မြင့်နည်းပညာများ လိုအပ်နေသေးပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## မွန်ပြည်နယ်၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က ဆွေးနွေးတင်ပြခြင်း

မွန်ပြည်နယ်၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က ဆွေးနွေးတင်ပြရာတွင် ရွှေတူးဖော်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရာဘာစေးထုတ်ယူပြီး ရာဘာ ထုတ်လုပ်ရာတွင် နည်းပညာလိုအပ်လျက်ရှိပါကြောင်း၊ ရာဘာနှင့် စပ်လျဉ်းသည့် စက်ရုံ/အလုပ်ရုံများရှိရန် လိုအပ်သည့်အပြင် ရာဘာနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုသင်တန်းများ ပေးရန် လိုအပ်ပါကြောင်း၊ ထိုင်းနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်နေသော ဒေသခံမြန်မာလုပ်သားများကို ထိုင်းနိုင်ငံမှ ပေးသည့် လုပ်ခလစာမျိုးဖြင့် အလုပ်ရှာဖွေပေးနိုင်မည်ဆိုပါက ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ဆွေးနွေးတင်ပြခြင်း

ပဲခူးတိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ဆွေးနွေးတင်ပြရာတွင် ကုန်ကြမ်းနှင့် စက်ရုံ၊ အလုပ်ရုံများရှိသော်လည်း နည်းပညာလိုအပ်ပါကြောင်း၊ ဟိုတယ်လုပ်ငန်းတွင် အလုပ်အကိုင်များဖန်တီး၍ ကျွမ်းကျင်မှုသင်တန်းများ ပေးသွားရန် လိုအပ်ပါကြောင်း၊ အသေးစားစက်မှုလုပ်ငန်း၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ကွန်ပျူတာ သင်တန်း စသည်ဖြင့် အခြေခံသင်တန်းများရှိပြီး သင်တန်းနေရာ၊ သင်ထောက်ကူပစ္စည်း၊ သင်တန်းဆရာများ လိုအပ်လျက်ရှိပါကြောင်း၊ အထည်ချုပ်၊ ဆောက်လုပ်ရေး၊ လျှပ်စစ်လုပ်ငန်းတို့တွင် ကျွမ်းကျင်လုပ်သား လိုအပ်လျက်ရှိပြီး ကျွမ်းကျင်မှုသင်တန်းများပေးသွားရန် လိုအပ်လျက်ရှိသည့်အတွက် ကူညီဆောင်ရွက်ပေးစေ လိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ကချင်ပြည်နယ်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းညွန့်က ဆွေးနွေးတင်ပြခြင်း

ကချင်ပြည်နယ်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းညွန့်က ဆွေးနွေးတင်ပြရာတွင် ဒေသခံများအနေဖြင့် ကျောက်စိမ်းတူးသည့်လုပ်ငန်းကိုသာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မော်တော်ယာဉ် စက်ပြင်၊ ဆိုင်ကယ်စက်ပြင်၊ ပန်းရံ၊ လက်သမား၊ ဂဟေ၊ ကျောက်သွေး၊ ကျောက်ဖြတ်သင်တန်းများ လာရောက် သင်ကြားပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ကချင်ပြည်နယ်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းညွန့်က ဆွေးနွေးတင်ပြခြင်း

မကွေးတိုင်းဒေသကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ဇော်က ဆွေးနွေးတင်ပြရာတွင် ရေနံချောင်းစက်မှုဇုန်နှင့် မကွေးစက်မှုဇုန်တို့ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရပိုင် စက်ရုံ/ အလုပ်ရုံများ ပိတ်ထားရသည့်အခြေအနေများပြားလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားများ လိုအပ်လျက်ရှိပြီး အလုပ်လုပ်ကိုင်နိုင်သော လူငယ်အမျိုးသားများမှာ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်လုပ်ကိုင်နိုင်သော လူငယ်အင်အားရှားပါးလာနိုင်ခြင်းများ ရှိနေပါကြောင်း၊ SME လုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် အအောင်မြင်ဆုံးဖြစ်ပါကြောင်း၊ ဟိုတယ်လုပ်ငန်းများ တိုးချဲ့လာနိုင်လျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်းနှင့် ကျွမ်းကျင်မှုသင်တန်းများ လိုအပ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ရခိုင်ပြည်နယ်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပမ်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်က ဆွေးနွေးတင်ပြခြင်း

ရခိုင်ပြည်နယ်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပမ်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်က ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အားနည်းလျက်ရှိပါကြောင်း၊ စက်မှုလက်မှုလုပ်ငန်းဆိုင်ရာသင်တန်းများ ပေးစေလိုပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ သင်တန်းများပေးစေလိုပါကြောင်း၊ လယ်ယာသုံးစက်ကိရိယာပြုပြင်ခြင်း သင်တန်း၊ ဟိုတယ်လုပ်ငန်းနှင့် စက်ရုံ/အလုပ်ရုံ မရှိသေးပါကြောင်း၊ သင်တန်းပြီးဆုံးပါက အလုပ်အကိုင် အခွင့်အလမ်းရရှိရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် အလုပ်သမားများ၏လိုအပ်ချက်၊ စက်ရုံ/အလုပ်ရုံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကျွမ်းကျင်မှုသင်တန်းများ ပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကြံပြုချက်များ

၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များတွင် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

### (က) ရန်ကုန်တိုင်းဒေသကြီး

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျွမ်းကျင်လုပ်သားများ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ထုတ်ပေးသော အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရန် တိုင်းဒေသကြီး အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန်၊

(၂) ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန် ၂၉ ဇုန်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အတွက် ကျွမ်းကျင်လုပ်သား လိုအပ်ချက် များပြားလာနိုင်သဖြင့် ကျွမ်းကျင် လုပ်သား မွေးထုတ်ပေးနိုင်ရေးအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စက်မှုလက်မှုနှင့်

ဝန်ဆောင်မှု လုပ်ငန်းများမှ အလုပ်သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေးအတွက် Pilot Project အနေဖြင့် စတင်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန်၊

**(ခ) နေပြည်တော်ကောင်စီနယ်မြေ**

(၁) နည်းပြများအား မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ သင်ကြားပို့ချနိုင်ရန် Training of Trainers (TOT) သင်တန်း ပေးနိုင်ရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

**(ဂ) ချင်းပြည်နယ်**

(၁) မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော ကျွမ်းကျင်မှု"စံ"များနှင့်အညီ သင်ကြားပို့ချနိုင်ရန်အတွက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ ချင်းပြည်နယ်မှ ဒေသခံနည်းပြများအား Training of Trainers (TOT) သင်တန်းပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ပူးပေါင်းဆောင်ရွက်ရန်၊

**(ဃ) တနင်္သာရီတိုင်းဒေသကြီး**

(၁) တိုင်းဒေသကြီး အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်း၍ ရေလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ရေးဆွဲနိုင်ရေးနှင့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်၊

**(င) စစ်ကိုင်းတိုင်းဒေသကြီး**

(၁) တိုင်းဒေသကြီး အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့တို့ ပူးပေါင်း၍ ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များ အတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ရေးဆွဲနိုင်ရေးနှင့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်၊

**(စ) ကရင်ပြည်နယ်**

(၁) ဒေသအတွင်း၌ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း၊ NGO ၊ INGO များမှ သင်ကြားပို့ချနေသော သင်တန်းများတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ သင်ကြားပို့ချနိုင်ရေးအတွက် Competency-based Training များပေးနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရန်၊

## (ဆ) ကယားပြည်နယ်

(၁) တိုင်းဒေသကြီး အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်း၍ သတ္တုတွင်းလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ရေးဆွဲနိုင်ရေးနှင့် အမျိုးသား အဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်၊

(၂) ဒေသအတွင်း၌ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း၊ NGO၊ INGO များမှ သင်ကြားပို့ချ နေသော သင်တန်းများတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော ကျွမ်းကျင်မှု"စံ"များနှင့်အညီ Competency- based Training များပေးနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

## (ဇ) မန္တလေးတိုင်းဒေသကြီး

(၁) ယဉ်ကျေးမှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ ရေးဆွဲ သတ်မှတ်နိုင်ရန် ယဉ်ကျေးမှုအလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၂) မန္တလေးတိုင်းဒေသကြီးရှိ ကျွမ်းကျင်လုပ်သားများအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ထုတ်ပေးသော အမျိုးသားအဆင့် အလုပ် အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ရရှိနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန်၊

(၃) မန္တလေးတိုင်းဒေသကြီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အတွက် ကျွမ်းကျင်လုပ်သားလိုအပ်ချက် များပြားလာနိုင်သဖြင့် ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်ရေးအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ် သမားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေး အတွက် Pilot Project အနေဖြင့် စတင်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးရန်ပုံငွေ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန်၊

(၄) အထက်မြန်မာပြည်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် NSSA Technical Office ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်၊

**(ဈ) ရှမ်းပြည်နယ်**

(၁) ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ရန် အဆိုပါ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

**(ည) ဧရာဝတီတိုင်းဒေသကြီး**

(၁) ဒေသအတွင်းရှိ အလုပ်သမားများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အထည်ချုပ်အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးထားပြီးဖြစ်သည့်အတွက် အဆိုပါအလုပ်သမားများအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်အဆင့်- ၁ ထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့အနေဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၂) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီးအစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ၊ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

**(ဋ) မွန်ပြည်နယ်**

(၁) ရာဘာလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ" များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ပြည်နယ်အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

**(ဌ) ပဲခူးတိုင်းဒေသကြီး**

(၁) ပဲခူးတိုင်းဒေသကြီးရှိ ကျွမ်းကျင်လုပ်သားများ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ထုတ်ပေးသော အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန်၊

(၂) ပဲခူးတိုင်းဒေသကြီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အတွက် ကျွမ်းကျင်လုပ်သားလိုအပ်ချက်များပြားလာနိုင်သဖြင့် ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးနိုင်ရေးအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်သမားများအတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေးအတွက် Pilot Project အနေဖြင့် စတင်ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရန်၊

(၃) ပဲခူးတိုင်းဒေသကြီးတွင် Industrial-based Training ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

**(ဍ) ကချင်ပြည်နယ်**

(၁) သတ္တုတွင်းလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ပြည်နယ်အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

**(ပ) မကွေးတိုင်းဒေသကြီး**

(၁) ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီးအစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

(၂) SME လုပ်ငန်းများတွင် Model တစ်ခုအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ Competency-based Training များပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

**(ဏ) ရခိုင်ပြည်နယ်**

(၁) ဟိုတယ်လုပ်ငန်းနှင့် ရေလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ပြည်နယ်အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန်၊

(၂) မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့က သတ်မှတ်ထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ သင်ကြားပို့ချနိုင်ရေးအတွက် ဒေသခံနည်းပြများအား Training of Trainers (TOT) သင်တန်းများပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ပူးပေါင်းဆောင်ရွက်ရန်၊

# ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များကို အုပ်စုလိုက်ဆွေးနွေးခြင်း

သဘာပတိ - ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ဥပဒေရေးရာကိစ္စရပ်များကို အုပ်စု(၅)ခုဖွဲ့၍ အစည်းအဝေးတက် ရောက်လာသူများက ဆွေးနွေးကြရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးကျော်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အုပ်စု (၅)ခုက ဆွေးနွေးထားရှိမှုများကို တင်ပြအပ်ပါသည်။



**အုပ်စုလိုက်ဆွေးနွေးပြောကြားနေပုံ**

## မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အဖွဲ့(၁)၏ ဆွေးနွေးချက်များ

- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၃)တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ အခန်း(၅)တွင် အလုပ်သမားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၌ "အသက် ၁၆ နှစ်ပြည့်ပြီးသော လူငယ်များအား အလုပ်သင် အဖြစ် ခန့်ထား၍ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ နှင့်အညီ အလုပ်အကိုင်နှင့် သက်ဆိုင်သည့် အတတ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြား စေရန် ဆောင်ရွက်နိုင်သည်"ဟု ပါရှိပါကြောင်း၊
- ၁၃ နှစ် နှင့် ၁၆ နှစ်ကြား အသက်အရွယ်အပိုင်းအခြားရှိသော လူငယ်များအနေဖြင့် တစ်နေ့လျှင် ၄ နာရီ အလုပ်လုပ်ခွင့်ရှိပါကြောင်း၊ ၁၆ နှစ်နှင့် ၁၈ နှစ်ကြား အသက်အရွယ်အပိုင်းအခြားရှိသော လူငယ်များအနေဖြင့် ဆရာဝန်ထောက်ခံချက်ဖြင့် လူကြီးကဲ့သို့ အလုပ်လုပ်ခွင့်ရှိပါကြောင်း၊
- ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း(၄)၊ ပုဒ်မ(၆)တွင် အလုပ် အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းရာတွင် လက်ရှိအစိုးရ၏ ဖွဲ့စည်းပုံနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါကြောင်း၊




**အုပ်စုလိုက်ဆွေးနွေးပြောကြားနေပုံ**

- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ဖွဲ့စည်းတည်ထောင်သင့်ပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့တွင်သာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားရေးရာဆိုင်ရာ သက်ဆိုင်ရာဝန်ကြီး ပါဝင်ဖွဲ့စည်း ထားရှိသည့်အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ ပိုမိုပါဝင်သင့်ပါကြောင်း၊
- နိုင်ငံတကာ ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်များလည်း ပါဝင်သင့်ပါကြောင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ဆောင်ရွက်ရမည့် အခန်းကဏ္ဍ ရှင်းလင်းမှုမရှိပါကြောင်း၊
- အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အေဂျင်စီများ ပါဝင်သင့်ပါကြောင်း၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါကြောင်း၊
- အလုပ်ရှင်များ၏ လိုအပ်ချက်အရ ဒေသအလိုက် အလုပ်အကိုင် အမျိုးအမည်များ သတ်မှတ်၍ ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးရာတွင် ထောက်ပံ့ပေးမှုများ လိုအပ်လျက်ရှိပါကြောင်း၊
- ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် လိုအပ်ခြင်းနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုရေးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အကျိုးသက်ရောက်မှုများရရှိစေရန် လိုအပ်ပါကြောင်း၊

**မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အဖွဲ့(၂)၏ ဆွေးနွေးချက်များ**

- သင်တန်းကျောင်း လိုင်စင်လျှောက်ထားရေးကိစ္စနှင့်ပတ်သက်၍ အလုပ် အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေ ပုဒ်မ ၁၆ (က)အရ သက်ဆိုင်ရာကော်မတီမှတစ်ဆင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ငွေကြေးယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ နိုင်ငံသား (သို့မဟုတ်) ပြည်ပနိုင်ငံမှ လာရောက်သည့် သင်တန်းကျောင်း(သို့မဟုတ်) ကျွမ်းကျင်မှုအကဲဖြတ် စစ်ဆေးရေးဌာနများသည် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက် ရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊
- ကျွမ်းကျင်မှုအဆင့်အလိုက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က လက်မှတ်ထုတ်ပေးရေးကိစ္စနှင့်ပတ်သက်၍ Certificate သတ်မှတ်ချက်မဟုတ်ဘဲ တန်ဖိုးအဆင့်တစ်ခု သတ်မှတ်ပြီး Levy နှုန်းထား သီးခြားသတ်မှတ်ကောက်ခံရန်နှင့် အလုပ်ရှင်မှ လက်မှတ်ရှိသူကိုသာ ဦးစားပေးခန့်ထားသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားသင့်ပါကြောင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင်မြင်စေရန် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် လာရောက်ချိတ်ဆက်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သင်တန်းပေးခြင်းအပြင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ချိတ်ဆက်၍ ပုဂ္ဂလိကသင်တန်းကျောင်းများ ဖွင့်လှစ်မည်ဆိုပါက နိုင်ငံတကာမှ ချိတ်ဆက်ထားသော သင်တန်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ကူညီပေးရန်နှင့် သင်တန်းဆင်းလက်မှတ်များကို မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော အဆင့်မီစေရန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် လိုအပ်ပါကြောင်း၊
- ကျွမ်းကျင်မှုအဆင့်သတ်မှတ်၍ လက်မှတ်ထုတ်ပေးရာတွင် စံတစ်ခုထားပြီး အချက်အလက်များကို ထင်သာမြင်သာအောင် ထုတ်ပေးသင့်ပါကြောင်း၊

**မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အဖွဲ့(၃)၏ ဆွေးနွေးချက်များ**

- အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျွမ်းကျင်မှုအဆင့်အလိုက် လစာများ သတ်မှတ်ပေးလာနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊
- အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို ပိုမိုသိရှိအောင် လေ့လာရမည်ဖြစ်ပါကြောင်း၊
- အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရ အကာအကွယ်ပေးမှုများရှိသည့်အပြင် ကျွမ်းကျင်မှု အတွက် အာမခံချက်ရှိနိုင်ပါကြောင်း၊
- သင်တန်းကျောင်းများလည်း ပိုမိုဖွင့်လှစ်လာနိုင်မည်ဖြစ်ပါကြောင်း၊
- အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊
- အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ အလုပ်ရှင်များနှင့်ပတ်သက်သော အခန်းကဏ္ဍကို သေချာစွာ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိနှင့် ဝေးလံသော ဒေသများတွင် Assessor များ လိုအပ်လျက်ရှိပါကြောင်း၊

- Assessor များနှင့် Trainer များ၏ အရည်အသွေးကိုမြှင့်တင်ရန် လိုအပ်ပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းထားရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အခန်းကဏ္ဍပါရှိပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး ပါဝင်ဆောင်ရွက်သင့်ပါကြောင်း၊
- သက်ဆိုင်ရာ ဝန်ကြီးဌာနအဆင့်ဆင့်၏ ထောက်ခံချက်များ ပါဝင်သင့်ပါကြောင်း၊
- သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဒေသလိုအပ်ချက်များကို ပြည့်မီနိုင်ရန် ဝန်ကြီးဌာန၊ အလုပ်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊
- အလုပ်သင်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလုပ်သင်ကာလ သတ်မှတ်ပေးသင့်ပါကြောင်း၊
- သင်တန်းကျောင်းဖွင့်လှစ်ခွင့် လျှောက်ထားရာတွင် မှတ်ပုံတင်လက်မှတ်ရရှိရန် လိုအပ်ပါကြောင်း၊
- သင်တန်းဖွင့်လှစ်မည်ဆိုပါက ကျွမ်းကျင်မှုအဆင့် သတ်မှတ်ချက်ကို ထည့်သွင်းသတ်မှတ်ပေးသင့်ပါကြောင်း၊

**မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အဖွဲ့ (၄) ၏ ဆွေးနွေးချက်များ**

- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မြန်မာနိုင်ငံ၏ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍအတွက် အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရနှင့် အခြားအထောက်အကူပြု အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ခေတ်နှင့်အညီ လိုအပ်ချက်အရ ပေါ်ပေါက်လာသော ဥပဒေဖြစ်သင့်ပါကြောင်း၊
- အလုပ်သမားတစ်ဦးအနေဖြင့် စက်ရုံတစ်ရုံမှတစ်ရုံသို့ ပြောင်းပါက ခက်ခဲမှုရှိပါကြောင်း၊
- ကျွမ်းကျင်လုပ်သားဖြစ်ပါက အလုပ်အကိုင်ရရှိနိုင်မှုမှာ ပိုမိုအဆင်ပြေနိုင်ပါကြောင်း၊
- ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် အတုပြုလုပ်ပါက ပြစ်ဒဏ်ချမှတ်သည့်အတွက် ပိုမိုကောင်းမွန်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် GIZ, ILO, ADB, Swisscontact စသည့် အခြားအထောက်အကူပြုအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဗဟိုအဖွဲ့အောက်တွင် ဖွဲ့စည်းထားရှိသော အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့တွင် ပါဝင်မှုမရှိပါကြောင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍကို ရှင်းလင်းပြတ်သားစွာ ပြဌာန်းထားသင့်ပါကြောင်း၊
- အလုပ်ရှင်များနှင့် ပတ်သက်သော အခန်းကဏ္ဍကို သေချာရှင်းလင်းစွာ ပြဌာန်းထားသည့်အတွက် ကောင်းမွန်ပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို



မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်စိန် မှ ဆွေးနွေးပြောကြားခြင်း



မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုကော်မတီအဖွဲ့ဝင် ဦးမြင့်စိုး မှ ဆွေးနွေးပြောကြားခြင်း

အကောင်အထည်ဖော်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုတွင် ဥပဒေ အခန်း(၅)၊ ပုဒ်မ(၁၄)နှင့် (၁၅)အရ လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊

- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဤဥပဒေပါ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း၊
- ဥပဒေစကားရပ်တွင် အဓိပ္ပာယ်နှစ်မျိုး သက်ရောက်စေသော စကားလုံးများကို မသုံးစွဲသင့်ကြောင်း (ဥပမာ - အခန်း(၅)၊ ပုဒ်မ(၁၅။ခ) နောက်ဆုံးတွင် ဖော်ပြထားသော ဆောင်ရွက်နိုင်သည်။)

## မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အဖွဲ့(၅)၏ ဆွေးနွေးချက်များ

- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို အလုပ်ရှင်ကသာ ထည့်ဝင်ရသည့်အတွက် အစိုးရ၏ မတည်ရင်းနှီးငွေပါ ထည့်ဝင်မည်ဆိုပါက လုပ်ငန်းပိုမိုတိုးတက်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ် Budget အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထည့်ဝင်သင့်ပါကြောင်းနှင့် ထိုသို့ထည့်ဝင်နိုင်ရေးအတွက် ဗဟိုအစိုးရထံသို့ တင်ပြတောင်းခံသင့်ပါကြောင်း၊
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်းကို သွယ်ဝိုက်သောအားဖြင့် အထောက်အပံ့ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားသင့်ပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၄၁ (က)ကို ထပ်မံဖြည့်စွက်ရန် လိုအပ်ပါကြောင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရအတွက် သီးသန့်ပြဋ္ဌာန်းသင့်ပါကြောင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊
- ပြည်ထောင်စုအဆင့် မဟုတ်ဘဲ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်သို့ လုပ်ပိုင်ခွင့်ပေးရန် လိုအပ်ပါကြောင်း၊
- တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ခံစားခွင့်ပုဒ်မများ ထပ်မံဖြည့်စွက်ရန် လိုအပ်ပါကြောင်း၊

# လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ

သဘာပတိ - အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ဆွေးနွေးရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

**ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ နေမျိုးထွန်းက အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ဆည်)မှ ကျောင်းသား/သူများ ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဒေသတွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများနှင့် ရေရှည်ပူးပေါင်း ဆောင်ရွက်မှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်မှုခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခြင်း**

သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနေမျိုးထွန်းက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)တွင် ကျောင်းသူ၊ ကျောင်းသားများ ကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်ရန်အတွက် ဒေသတွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ရေရှည်ပူးပေါင်းဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရရှိမည့်အကျိုးရလဒ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ပြည့်ကျော်သူက အစိုးရစက်မှုလက်မှုသိပ္ပံများ၏ စက်မှုအင်ဂျင်နီယာ ဘာသာရပ်သင်ရိုးညွှန်းတမ်းတွင် ကျောင်းအခြေပြု သင်ကြားရေးစနစ်မှ စက်မှုလုပ်ငန်း အခြေပြုသင်ကြားရေးစနစ်သို့ ပြောင်းလဲနိုင်ရန် အတွက် သင်တန်းအစီအစဉ်အား အကောင်အထည် ဖော်ချမှတ်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ပြည့်ကျော်သူက အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများရှိ စက်မှုအင်ဂျင်နီယာဘာသာရပ် သင်ရိုးညွှန်းတမ်းတွင် ကျောင်းအခြေပြုသင်ကြားနည်းစနစ်မှ စက်မှုလုပ်ငန်း အခြေပြုသင်ကြားနည်းစနစ်သို့ ပြောင်းလဲနိုင်ရန်အတွက် ဂျာမနီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

**စက်မှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်က ပုဂ္ဂလိကကဏ္ဍ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး အတွက် ချိတ်ဆက်ဆောင်ရွက်မှုနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း**

ထို့နောက် စက်မှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်က စက်မှုဝန်ကြီးဌာနရှိ ဖွင့်လှစ်ထားသည့် သက်မွေးသင်တန်းကျောင်းများတွင် သင်ကြားလျက်ရှိသည့် ဘာသာရပ်များနှင့် သင်ကြားနည်းစနစ်များကို ရှင်းလင်းဆွေးနွေးရာတွင် စက်မှုဝန်ကြီးဌာနတွင် သင်တန်းကျောင်း(၆)ကျောင်းရှိပါကြောင်း၊ အဆိုပါသင်တန်း ကျောင်း(၆)ကျောင်းတွင် ဘာသာရပ်စုစုပေါင်း(၁၄)မျိုး သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါသင်တန်း ကျောင်းများသို့ တက်ရောက်လိုသည့် သင်တန်းသားအနေဖြင့် (၁၀)တန်းတက်ရောက်ဖူးသူဖြစ်၍ အသက် ၁၇ နှစ်မှ ၂၅ နှစ်အတွင်း ဖြစ်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါကျောင်းများတွင် သင်တန်းသားများအား အခမဲ့ သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆောင်နေသည့် သင်တန်းသားများအနေဖြင့် စားစရိတ်တစ်လလျှင် ၂၅၀၀၀ ကျပ် သာကောက်ခံပါကြောင်း၊ နောင်နှစ်တွင် စားစရိတ်ကို ၁၅၀၀၀ ကျပ်သာကောက်ခံပြီး အစိုးရမှ ၁၅၀၀၀ ကျပ်

စိုက်ထုတ်ပေးနိုင်ရန်အတွက် စီစဉ်လျက်ရှိပါကြောင်း၊ သင်တန်းကာလ တစ်နှစ်ဖြစ်ပါကြောင်း၊ နောင်နှစ်တွင် သင်တန်းကာလကို နှစ်နှစ်မှ သုံးနှစ်အထိ တိုးမြှင့်ရန် ရည်ရွယ်ထားရှိပါကြောင်း၊ မိမိတို့ စက်မှုဝန်ကြီးဌာနအနေဖြင့် ကာလတိုသက်မွေးပညာသင်တန်းများကိုလည်း ကျေးလက်ဒေသများသို့ ကားဖြင့်သွားရောက်၍ ပို့ချပေးလျက်ရှိပါကြောင်း၊ ထို့အပြင် သင်တန်းသားများအား သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အသိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေး တင်ပြခဲ့ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က မြန်မာလုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ချက်များကို ရှင်းလင်းရာတွင် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဌာနခွဲ၏ မျှော်မှန်း ချက်မှာ ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေး ပြည့်မီသော လုပ်သားထုတစ်ရပ် ဖြစ်ပေါ်လာစေရေးဖြစ်ပါကြောင်း၊ ရည်မှန်းချက်များအနေဖြင့် မြန်မာလုပ်သားထု၏ အလုပ်လုပ်ကိုင်နိုင်စွမ်းရည်နှင့် ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားလာစေရန်အတွက် နိုင်ငံအဆင့်လုပ်ငန်းခွင် အခြေပြုလေ့ကျင့် သင်ကြားရေးစနစ်တစ်ရပ် ဖွံ့ဖြိုးတည်ဆောက်ရန်၊ ကျောင်းပြင်ပ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အတတ်ပညာများ လေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ရန်၊ နိုင်ငံတော်ရှိ စက်မှုလက်မှုလုပ်ငန်းဌာန အသီးသီးအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သား အဆင့်ဆင့်ကို မွေးထုတ်ပေးနိုင် ရေးအတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရန်၊ အလုပ်ရှာဖွေသူများအတွက် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေးနှင့် ဘဝတစ်သက်တာ လေ့လာသင်ယူမှု အခွင့်အလမ်းများရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်ပါကြောင်း ရှင်းလင်းတင်ပြ ပါသည်။

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲအနေဖြင့် ကျွမ်းကျင်မှုမရှိသော လုပ်သားများအား ကျွမ်းကျင် လုပ်သားများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုရှိပြီး ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် မရရှိသေးသော လုပ်သားများအား ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက် ပေးခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ထားရှိနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်အတန်းများကို အာဆီယံအဆင့် အလုပ်အကိုင် ကျွမ်းကျင်မှုအဆင့်အတန်းများ၊ နိုင်ငံတကာကျွမ်းကျင်မှုအဆင့်အတန်းများနှင့် ညီညွတ်မှုရှိစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ အလုပ်သင်လေ့ကျင့်ရေးအတွက် လေ့ကျင့်သင်ကြားမှု "စံ"များ သတ်မှတ်ရေးနှင့် သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြန်မာလုပ်သားထုအတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှုပြိုင်ပွဲများ (၂)နှစ်လျှင်တစ်ကြိမ် ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေး ခြင်းနှင့် အာဆီယံနိုင်ငံများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စီမံ ဆောင်ရွက်ပေးခြင်း၊ ဌာနတွင်းဝန်ထမ်းများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များဖြင့်

ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက် ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ASEAN နှင့် အမျိုးသားအဆင့် ကျွမ်းကျင်မှုပြိုင်ပွဲများမှ ရရှိခဲ့သည့် အကျိုးကျေးဇူးများအနေဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုလာခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ အပါအဝင် မြန်မာလူထုအကြား အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံချိန်စံညွှန်း သတ်မှတ်ချက်များအား လေ့လာသိရှိနိုင်ခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် စတင်ဖြစ်ပေါ်လာပြီဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်းပါ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်မှုအရ မြန်မာလုပ်သားများအနေဖြင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေး၏အခန်းကဏ္ဍအရေးကြီးမှုကို သိရှိနားလည်လာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပါကြောင်း ဆွေးနွေးပါသည်။




**အုပ်စုလိုက်ဆွေးနွေးပြောကြားနေပုံ**

# အဖွဲ့လိုက် ဆွေးနွေးခြင်း

သဘာပတိ - ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

- မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊

မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍတို့အတွက် အုပ်စု(၆)ခုဖွဲ့၍ ဆွေးနွေးခဲ့ပါသည်။

**မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိပူးပေါင်း ဆောင်ရွက်မှုအတွက် အဖွဲ့(၁) (က) နှင့် အဖွဲ့ (၁) (ခ) တို့၏ ဆွေးနွေးချက်များ**

- မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းလျက်ရှိပါကြောင်း၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပေးရာတွင် သင်ထောက်ကူပစ္စည်းများကို စက်မှုဝန်ကြီးဌာနက အထောက်အပံ့ပေးသင့်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ပြည်သူလူထု သိရှိနိုင်ရေးအတွက် အသိပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊
- နည်းပြများ၏ အရည်အသွေးမြှင့်တင်ရန် လိုအပ်ပါကြောင်း၊
- ကျောင်းသင်ပညာရေးနှင့် လက်တွေ့လုပ်ငန်းခွင် ကွာဟမှုရှိနေပါကြောင်း၊
- ခေတ်မီသင်ထောက်ကူပစ္စည်းများ လိုအပ်လျက်ရှိပါကြောင်း၊
- စက်မောင်း(Operator)များအတွက်လည်း လိုင်စင်ချပေးရန် လိုအပ်ပါကြောင်း၊
- စက်မောင်း(Operator) သင်တန်းဖွင့်ထားသော်လည်း လာရောက်သင်ကြားသည့် သင်တန်းသားဦးရေ နည်းပါးပါကြောင်း၊
- သင်တန်းများ ဖွင့်လှစ်ထားရှိမှုနှင့်ပတ်သက်၍ ပြည်တွင်းကုမ္ပဏီများကို အသိပညာများ မျှဝေပေးရန် လိုအပ်ပါကြောင်း၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် ပြည်သူလူထုအနေဖြင့် သိရှိလိုက်နာဆောင်ရွက်သင့်သည့် ဥပဒေတစ်ခုဖြစ်သင့်ပါကြောင်း၊
- ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိသူကိုသာ ရာခိုင်နှုန်းအလိုက်သတ်မှတ်၍ အလုပ်ခန့်ထားနိုင်ရေးအတွက် ဥပဒေတွင်ပြဋ္ဌာန်းသင့်ပါကြောင်း၊
- လုပ်ငန်းခွင်တွင် ကျွမ်းကျင်လုပ်သားများရှိသော်လည်း ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်မရှိသည့်အတွက် အဆိုပါကျွမ်းကျင်လုပ်သားများကို ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် mobile training သို့မဟုတ် on job training များ ပြုလုပ်ပေးသင့်ပါကြောင်း၊
- On job training ပေးရာတွင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများအဖြစ် မြှင့်တင်နိုင်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊

- On job training ပေးရာတွင်လည်း ကျွမ်းကျင်မှု "စံ" သတ်မှတ်ထားရှိသည့် အတိုင်း သင်ကြားပေးသည့် training ဖြစ်နိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့ အနေဖြင့် တာဝန်ယူဆောင်ရွက်သင့်သည့်အပြင် ကျွမ်းကျင်မှုအကဲဖြတ်စစ်ဆေးမှုအတွက် နမူနာမေးခွန်း ပုံစံများ ပြုလုပ်ပေးသင့်ပါကြောင်း၊
- ကျွမ်းကျင်မှုအကဲဖြတ်စစ်ဆေးခံသူများအတွက် အမှတ်ပေးစည်းမျဉ်းများကို သိရှိအောင် ဆောင်ရွက်ပေး သင့်ပါကြောင်း၊
- သင်ရိုးညွှန်းတမ်းနှင့် ကျွမ်းကျင်မှုအကဲဖြတ်စစ်ဆေးမှုများတွင် Occupational Safety & Health ပါဝင်ထည့်သွင်းသင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့နှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်း၍ Training of Trainers (TOT) သင်တန်းပေးခြင်းကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့က အသိအမှတ် ပြုသော Training Center များ ပေါ်ပေါက်လာနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊
- ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် မူဝါဒချမှတ်ခြင်းများနှင့် လိုအပ်သည့် ငွေကြေးနှင့် သင်ထောက်ကူပစ္စည်းများ၊ မြေနေရာ၊ သင်တန်းကျောင်းများကို အစိုးရက ထောက်ပံ့ပေးသင့်ပါကြောင်း၊
- အလုပ်သမားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရေးနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိနိုင်ရေးအတွက် အလုပ်ရှင်များအနေဖြင့် ဖွင့်လှစ်ထားသော သင်တန်းကျောင်းများသို့ အလုပ်သမားများအား စေလွှတ်ပေးသင့်ပါကြောင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အနေဖြင့် စက်မှုဇုန်များတွင် လိုအပ်နေသည့် စာတွေ့နှင့် လက်တွေ့ပူးပေါင်းပြီး on job training များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လက်ရှိသင်ကြားပို့ချနေသော သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီမှုရှိရန် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း၊
- ကျွမ်းကျင်မှုအဆင့်အလိုက် လုပ်ခလစာ တိုးမြှင့်ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်နှင့် EI ကဲ့သို့သော အခြားဝန်ကြီးဌာနများနှင့် စက်ရုံ၊ အလုပ်ရုံများမှ သတ်မှတ်သည့် ကျွမ်းကျင်မှုအဆင့်များကို ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း၊
- လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနညအမငူ ဏမသလငိနညခန် ကညိ ထားရှိ၍ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့ကို ထောက်ပံ့ပေးသင့်ပါကြောင်း၊
- ပုဂ္ဂလိကသင်တန်းကျောင်းများမှ သင်တန်းသားများအား ကျွမ်းကျင်မှုသင်တန်းများပေးလျက်ရှိသော်လည်း လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ရေးအတွက် On the job training များ ပေးသွားနိုင်ရန် အခက်အခဲ ရှိနေပါသဖြင့် အစိုးရမှ ပူးပေါင်းဆောင်ရွက်ပေးသင့်ပါကြောင်း၊
- နယ်များတွင် ဝန်ကြီးဌာနများနှင့် NGO များမှ သင်ကြားပို့ချနေသော သင်တန်းများတွင် သင်တန်းသား များ၏အခြေခံစားဝတ်နေရေးအတွက် သင်တန်းတက်ရောက် နေစဉ်ကာလအတွင်း ထောက်ပံ့ပေးမှုများ လိုအပ်လျက်ရှိပါကြောင်း၊

- လုပ်ငန်းခွင်များတွင် သင်တန်းတက်ရောက်ပြီး၍ ကျွမ်းကျင်မှုရှိလာသော အလုပ်သမားများက အလုပ်ပြောင်းရွှေ့မှုများ ရှိနေပါသဖြင့် အလုပ်ရှင်များအတွက် နစ်နာဆုံးရှုံးမှုများ ရှိပါကြောင်း၊
- ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အစိုးရဌာနများမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်လိုအပ်ပါကြောင်း၊
- ပုဂ္ဂလိကသင်တန်းကျောင်းများ၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရက အားပေးကူညီထောက်ပံ့မှု အစီအစဉ်များ ရှိသင့်ပါကြောင်း၊
- အလုပ်ရှင်များကလည်း အလုပ်အကိုင် အခွင့်အလမ်းနှင့်အတူ ကျွမ်းကျင်မှု သင်တန်းများပေးရန်လိုအပ်ပါ ကြောင်း၊
- အစိုးရအနေဖြင့် TVET ကဏ္ဍအတွက် ပူးပေါင်းဆောင်ရွက်နေသော အလုပ်ရှင်များအတွက် ထောက်ပံ့မှုများပေးရန် လိုအပ်ပါကြောင်း၊
- အလုပ်ရှင်များက လုပ်သားများကို လေ့ကျင့်သင်ကြားပေးနိုင်ရန် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအကဲဖြတ်စစ်ဆေးခြင်းအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာလုပ်ငန်းများသို့ မြန်မာဘာသာဖြင့် ပေးပို့ထားရန် လိုအပ်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ငန်းများ အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကတို့မှ ကျွမ်းကျင်ပညာရှင်များ စုဝေးပြီး တစ်နေရာတည်းတွင် တစိုက်မတ်မတ် Time Frame ထား၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

**ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် လက်ရှိပူးပေါင်းဆောင်ရွက် အခြေအနေ၊ အနေ အထားတို့နှင့်ပတ်သက်၍ အဖွဲ့ (၂) (က) နှင့် အဖွဲ့ (၂) (ခ) တို့၏ ဆွေးနွေးချက်များ**

- မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး အခြေခံအဆောက်အဦး တည်ဆောက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊
- ပူးပေါင်းဆောင်ရွက်ရာတွင် RSE, PE, ACE တို့ပါဝင်သည့် မြန်မာနိုင်ငံအင်ဂျင် နီယာကောင်စီ ပါဝင်သင့်ပါကြောင်း၊
- ရေရှည်ပူးပေါင်းဆောင်ရွက်မှုတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို သိရှိသည့် အထူးစီးပွားရေးဇုန်များမှ CEO အဆင့်များ ပါဝင်ဖွဲ့စည်း ဆောင်ရွက်သင့်ပါကြောင်း၊
- ကုမ္ပဏီအတွင်းရှိ လုပ်သားများကို သင်တန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်နှင့် GIZ တို့ပူးပေါင်း၍ In-company Trainer များအတွက် သင်တန်းပေးနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊
- အိမ်တွင်းမှုသင်တန်းများနှင့် မသန်မစွမ်းသူများအတွက် သင်တန်းများပေးပြီးလျှင် အလုပ်ရှင်များက အဆိုပါသင်တန်းသားများအား လက်ခံ၍ အလုပ်ခန့်ထားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသင့် ပါကြောင်း၊

- သတ္တုတွင်းလုပ်ငန်းများနှင့်ပတ်သက်၍ အလုပ်သမားများကို လုပ်ငန်းခွင်အတွင်းတွင် ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း၊
- လုပ်ငန်းခွင်တွင် Operator အဆင့်မှစ၍ အဆင့်အလိုက် အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးနိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊
- ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများနှင့် အလုပ်ရှင်များမှ လက်ခံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊
- လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားပေးသော သင်တန်းများမှ ကျွမ်းကျင်ဝန်ထမ်းများအား ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊
- စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အပံ့ပေးနိုင်မည့် ကျွမ်းကျင်မှုသင်တန်း များပေးနိုင်ရေးအတွက် Training Needs Analysis ကို စဉ်ဆက်မပြတ် ပြုလုပ်သွားရန် လိုအပ်ပါကြောင်း၊
- တိုင်းဒေသကြီး။ ပြည်နယ်များတွင် လုပ်ကိုင်နေကြသော လုပ်သားထုအတွက် အမှန်တကယ်လိုအပ်နေသော သင်တန်းများဆန်းစစ်၍ ကျွမ်းကျင်မှုသင်တန်းများ ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊
- အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်မှု မူဘောင်တွင် အမျိုးသားအဆင့် အသိအမှတ်ပြုနိုင်ရေးနှင့် အရည်အသွေးမူဘောင်များ ချမှတ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ မူဘောင်များ၊ စံသတ်မှတ်ချက်များ ပေါ်ပေါက်လာရန် ဆောင်ရွက်သင့်ပါကြောင်း၊
- လယ်ယာကဏ္ဍတွင် လိုအပ်သော ကျွမ်းကျင်မှုနှင့် သင်တန်းများကို အရည်အသွေး ပြည့်မီအောင်ဆောင်ရွက်သင့်ပါကြောင်း၊
- လယ်ယာကဏ္ဍာတွင် Tour Guide အတွက် လေ့ကျင့်သင့်ကြားပေးနေသော သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊
- ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါ်ပေါက်လာနိုင်မည့် လုပ်ငန်းများကို လေ့လာ၍ ဖွင့်လှစ်ပေးရမည့် သင်တန်းအမျိုးအစားများကို ရှာဖွေဖော်ထုတ်သင့်ပါကြောင်း၊
- ဒေသလိုအပ်ချက်အရ သင်တန်းများ ဖွင့်လှစ်ပေးရာတွင် အဆိုပါဒေသ၌ သင်တန်းများ တိုက်ရိုက်ဖွင့်လှစ်ပေးသင့်ပါကြောင်း၊
- နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဒေသလိုအပ်ချက်အရ လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Budget တောင်းခံသင့်ပါကြောင်း၊
- နိုင်ငံတော်အစိုးရမှ Budget ခွဲဝေချထားနိုင်ရေးအတွက် ဥပဒေတွင် ပြဋ္ဌာန်းပါ ရှိသင့်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Budget ကို နိုင်ငံတော် အစိုးရအပြင် ပြည်တွင်း။ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများ၊ ဘဏ်များ၊ Foundation များထံမှ အကူအညီတောင်းခံ၍ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊
- မွေးမြူရေးနှင့် ပေါင်းစည်းလယ်ယာကဏ္ဍရှိ အလုပ်အကိုင်များအတွက် သင်တန်းများပေးနိုင်ရေး ဆောင်ရွက် ပေးသင့်ပါကြောင်း၊

- သင်တန်းများ လေ့ကျင့်သင်ကြားပေးရာတွင် motivation ၊ attitude ၊ knowledge ၊ skills တို့ကို ထည့်သွင်းသင်ကြားပေးသင့်ပြီး အရည်အသွေးပြည့်ဝသော National Spirit Competent Worker များဖြစ်ရန် လေ့ကျင့်သင်ကြားပေးသင့်ပါကြောင်း၊
- အလုပ်သမားနှင့် အလုပ်ရှင်များ ညှိနှိုင်း၍ သင်တန်းတက်ရောက်နေသော အလုပ်သမားများအတွက် အထောက်အပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊
- လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရာတွင် Budget၊ ဆက်ဆံရေး၊ စည်းကမ်း၊ စွမ်းဆောင်ရည် စသည်တို့ကို ထည့်သွင်းစီမံခန့်ခွဲ နိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊
- TVET ကဏ္ဍအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ခိုင်မာသည့် လမ်းကြောင်းတစ်ခု ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် Budget အသုံးပြုသကဲ့သို့ လုပ်ငန်းရှင်များမှလည်း စိုက်ထုတ်အသုံးပြုနိုင်ရေးအတွက် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးသင့်ပါကြောင်း၊
- မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် အစိုးရ၊ စက်ရုံ/အလုပ်ရုံများ၊ စက်မှုလုပ်ငန်းခွင်များ၊ သင်တန်းကျောင်းများ၊ အလုပ်ရှင် များ၊ အလုပ်သမားများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်း ဆောင်ရွက်မှု အနည်းငယ်ရှိသော်လည်း နည်းပါးနေသေးပါကြောင်း၊
- ကျွမ်းကျင်မှုသင်တန်းများပေးရာတွင် သင်တန်းနေရာ၊ ငွေကြေး၊ နည်းပညာ၊ သင်တန်းသားရရှိနိုင်မှု စသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများလည်း ရှိနေသေးပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်တွင် အစိုးရအနေဖြင့် ဥပဒေနှင့် နည်းဥပဒေများ ခိုင်မာတိကျအောင် ဆောင်ရွက်သင့်ပါကြောင်း၊
- အလုပ်ရှင်များ၏ လိုအပ်ချက်အရ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အလုပ်ရှင်များ အနေဖြင့် ခေါ်ယူခန့်အပ်လိုသည့် ကျွမ်းကျင်လုပ်သား အရေအတွက်နှင့် ကျွမ်းကျင်မှုအဆင့် သိရှိနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးသင့်ပါကြောင်း၊
- ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနေသော သင်တန်းကျောင်းများ၊ အဖွဲ့အစည်းများအနေဖြင့် နည်းပြများ အား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးသင့်ပါကြောင်း၊
- သက်ဆိုင်ရာဒေသများအလိုက် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီများနှင့် Working Group များ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊
- သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ ခွဲဝေချမှတ်၍ လုပ်ငန်းစီမံချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊
- သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဒေသတွင်းအဖွဲ့အစည်းများကို Working Group များတွင် ဖွဲ့စည်းဆောင်ရွက်စေလိုသည့်အပြင် အထူးစီးပွားရေး ဇုန်ရှိသောနေရာများတွင် သက်ဆိုင်ရာ ကော်မတီဝင်များပါဝင်ဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊
- ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊

- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဌာန်းရေးအဖွဲ့က ဖွင့်လှစ်မည့် သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ပို့ချပေးသင့်ပါကြောင်း၊
- ဒေသအလိုက် လိုအပ်ချက်များအရ Training of Trainers (TOT) သင်တန်းများကို ပို့ချပေးသင့်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော သတင်းအချက်အလက်များကို social network, multi media များ အသုံးပြုပြီး ပြည်သူများအနေဖြင့် ပွင့်လင်းမြင်သာစွာ သိရှိသင့်ပါကြောင်း၊
- ဝေးလံခေါင်းပါးသော ဒေသများအတွက် Mobile Training များ ပြုလုပ်ပေးသင့်ပါကြောင်း (ဥပမာ၊ ချင်း-စိုက်ပျိုးရေးလုပ်ငန်း၊တနင်္သာရီ - ရေလုပ်ငန်း၊ သတ္တု တွင်းထွက်)၊

**ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ကော်မတီဖွဲ့စည်းခြင်းတို့နှင့် ပတ်သက်၍ အဖွဲ့ (၃) (က) နှင့် အဖွဲ့ (၃) (ခ) တို့၏ ဆွေးနွေးချက်များ**

- ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းများအနေဖြင့် မြန်မာ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ပုဂ္ဂလိကသင်တန်းကျောင်းများမှ ကိုယ်စားလှယ်များ၊ အစိုးရသင်တန်းကျောင်းများမှ ကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှ တာဝန်ခံကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကိုယ်စားလှယ်များဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းသွားသင့်ပါကြောင်း၊
- မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊ ညှိနှိုင်း အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကိုဆောင်ရွက်ရန်၊ ဒေသများ၏ လိုအပ်ချက်အရလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA)နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ငွေကြေး သုံးစွဲနိုင်မှုအတွက် ညှိနှိုင်း အဖြေရှာ ဆောင်ရွက်သင့်ပါကြောင်း၊
- သင်တန်းကျောင်းတည်ထောင်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကူညီထောက်ပံ့ပေးသင့်ပါကြောင်း၊
- လုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် IT နည်းပညာဖြင့်လည်းကောင်း၊ Website များထူထောင်၍ လည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါကြောင်း၊

- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ အနေဖြင့် Website များတွင် သင်ရိုးညွှန်းတမ်းများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် အလုပ်သမားများ နားလည်အောင်ထားရှိပေးနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊
- Facebook uJhodkY Social network တစ်ခုကို ထူထောင်ပေးခြင်းကို ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက်များကို အခြေခံ၍ ဒေသအလိုက် ကိုက်ညီသော သင်ရိုးညွှန်းတမ်းနှင့် ကျွမ်းကျင်မှု"စံ"များကို သတ်မှတ်ဆောင်ရွက်သင့်ပါကြောင်း၊
- တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်ရေးကို တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကူညီဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှု "စံ" အခြေပြု သင်ရိုးညွှန်းတမ်းများကို မြန်မာဘာသာဖြင့် ပြုစုထားရှိရန် (သို့မဟုတ်) ကျွမ်းကျင်သူတစ်ဦးအား စီစဉ်ထားရှိပေးခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ ဖွင့်လှစ်မည့် Private သင်တန်းကျောင်းများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်မည့် အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အများပြည်သူများအကြား အသိပညာမျှဝေပေးနိုင်ရန် Website တွင် ရှင်းလင်းစွာ တင်ပြထားသင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က အောင်စာရင်း ထုတ်ပြန်ပြီးသည့် အချိန်တွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရ အဖွဲ့ များမှ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ကို ယာယီထုတ်ပေးခွင့်ပြုခြင်း (ဥလသက်တမ်းခန့်)များကို ဆောင်ရွက်သင့်ပါကြောင်း၊
- သင်တန်းကျောင်းများ မဖွင့်လှစ်နိုင်မီကာလအတွင်း ဒေသဆိုင်ရာ လုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ သင်ရိုးညွှန်းတမ်းဖြင့် လုပ်ငန်းတွင်း သင်တန်းပေးခြင်းများကို ဆောင်ရွက်သင့်ပါ ကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ စံနှုန်းများကို အလုပ်ရှင်များအား ကြိုတင်ဖြန့်ဝေထားခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊
- စက်ရုံများနှင့် အလုပ်ရုံများကို လိုင်စင်သက်တမ်းတိုးပေးသည့်အခါတွင် သင်တန်း များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စများကိုလိုက်နာမှု ရှိ၊ မရှိစစ်ဆေးခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊
- ကျွမ်းကျင်မှုဖွံ့ဖြိုးရေးရန်ပုံငွေကို လုပ်ငန်းအရွယ်အစားပေါ် မူတည်၍ ထည့်ဝင်ကြေးနှုန်းထားများကို သတ်မှတ်ခြင်းများ ဆောင်ရွက်သင့်ပါကြောင်း၊
- တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ကျွမ်းကျင်မှုပြိုင်ပွဲများ ကိုတင်ပြုလုပ် ပြီး ထူးချွန်သူများကို စုစည်း၍ နိုင်ငံတော်အဆင့် ကျွမ်းကျင်မှုပြိုင်ပွဲများ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊

- သင်တန်းကျောင်းများကို အခါအားလျော်စွာ သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ Quality Control အဖွဲ့များဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊
- အဆင့်(၁)မှ အဆင့်(၄)အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိကျသည့် အချိန်ကာလတစ်ခုကို သက်မှတ်ပေးခြင်းကို ဆောင်ရွက်သင့်ပါကြောင်း၊
- ကျွမ်းကျင်မှုအဆင့်များအလိုက် ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်းများကို ဆောင်ရွက်သင့်ပါကြောင်း၊
- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဌာန်းရေးအဖွဲ့အနေဖြင့် ကာလအတိုင်း အတာတစ်ခုအတွင်း ISO အဆင့်အထိ ကူးပြောင်းနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်သင့်ပါကြောင်း၊

# အကြံပြုတင်ပြချက်များ

## အကြံပြုတင်ပြချက်များ

အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် ဥပဒေရေးရာကိစ္စရပ်များ၊ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ အစည်းများ၏ အခန်းကဏ္ဍတို့ကို အုပ်စုဖွဲ့၍ တက်ရောက်လာသူများက ဆွေးနွေးကြရာတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနှင့် အခြားအထောက်အကူပြုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ခေတ်နှင့်အညီ လိုအပ်ချက်အရ ပေါ်ပေါက်လာသော ပြည်သူလူထု လိုက်နာဆောင်ရွက်သင့်သည့် ဥပဒေတစ်ခုဖြစ်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို အဓိကထား ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲ ရလာဒ်များအရ အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်-

**(က) အသိပညာပေးခြင်း**

(၁) အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို ပိုမိုသိရှိနိုင်ရေးအတွက် အသိပညာများ မျှဝေပေးရန်၊

(၂) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြည်သူလူထု သိရှိနိုင်ရေးအတွက် အသိပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ရန်၊

(၃) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော သတင်းအချက်အလက်များကို social network, multi media များ အသုံးပြု၍ ပြည်သူများထံသို့ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်၊

(၄) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရှင်များ၏ လိုအပ်ချက်အရ အလုပ်သမား ခေါ်ယူခန့်အပ်လိုသည့် ကျွမ်းကျင်လုပ်သားများ၏ ကျွမ်းကျင်မှုအဆင့် သိရှိရန် လိုအပ်သည့်အတွက် ကျွမ်းကျင် လုပ်သားများ မွေးထုတ်နိုင်ရေးနှင့် ဆောင်ရွက်နေမှုများကို ပြည်သူလူထု သိရှိနိုင်ရေးအတွက် အသိပညာများ မျှဝေပေးရန်၊

(၅) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် IT နည်း ပညာများ၊ Website များနှင့် Facebook ကဲ့သို့ Social Network တစ်ခုကို ထူထောင်၍ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုစံများကို အခြေခံ၍ ဒေသလိုအပ်ချက်နှင့်အညီ သတ်မှတ်ဆောင်ရွက်ရန်နှင့် အလုပ်ရှင်များအား ကြိုတင်ဖြန့်ဝေ ထားခြင်းများကို ဆောင်ရွက်ရန်၊

(၆) အလုပ်သမားများနားလည်အောင် ကျွမ်းကျင်မှု "စံ" များနှင့် သင်ရိုးညွှန်း တမ်းများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထားရှိဆောင်ရွက်ပေးရန် (သို့မဟုတ်) ကျွမ်းကျင်သူ (၁) ဦးထားရှိ၍ NSSA နှင့်ပူးပေါင်းဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်သူများ အကြား အသိပညာပေးခြင်းများကို ဆောင်ရွက်ရန်၊

## (ခ) အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း

(၁) မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများ အလိုက် မိမိတို့၏နယ်ပယ်များ ဖွံ့ဖြိုးစေရန်နှင့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေး နိုင်ရန်တို့အတွက် ပိုမိုပူးပေါင်း ဆောင်ရွက်ရန်၊

(၂) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကတို့မှ ကျွမ်းကျင်ပညာရှင်များ စုဝေးပြီး တစ်နေရာတည်းတွင် တစိုက်မတ်မတ် Time Frame ထား၍ ပူးပေါင်းဆောင်ရွက်ရန်၊

(၃) မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပူးပေါင်း ဆောင်ရွက်မှုများတွင် အစိုးရ၊ စက်ရုံ/အလုပ်ရုံများ၊ စက်မှုလုပ်ငန်းခွင်များ၊ သင်တန်း ကျောင်းများ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်း များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုရှိသော်လည်း နည်းပါးနေသေးသည့်အတွက် ပိုမိုပူးပေါင်း ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်အတွင်းရှိ ကျွမ်းကျင်လုပ်သားများကို ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ရန်၊

(၅) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင်မြင်စေရန် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် လာရောက်ချိတ်ဆက်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံ တကာ မဟုတ်သော အဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ သင်တန်းပေးခြင်းအပြင် မြန်မာ နိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက် သွားရန်၊

(၆) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဒေသလိုအပ်ချက်များ ကို ပြည့်မီနိုင်ရန် ဝန်ကြီးဌာနများ၊ အလုပ်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၇) တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ပညာရှင်များ ပါဝင်ဆောင်ရွက် နိုင်ရေးအတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကူညီဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ပေးရန်၊

(၈) တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ကျွမ်းကျင်မှုပြိုင်ပွဲများ ကြိုတင်ပြုလုပ်ပြီး ထူးချွန်သူများကို စုစည်း၍ နိုင်ငံတော်အဆင့် ကျွမ်းကျင်မှုပြိုင်ပွဲများ ပြုလုပ်ပေးခြင်း များကို ဆောင်ရွက်ရန်၊

### (ဂ) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အဖွဲ့များ ဖွဲ့စည်းခြင်း

(၁) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားရေးရာနှင့် သက်ဆိုင်သောဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားရှိသည့်အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာနိုင်ငံလုပ် သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့) နှင့် အလုပ်အကိုင်ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့များတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားရေးရာနှင့် သက်ဆိုင်သော ဝန်ကြီးများ ထည့်သွင်းဖွဲ့စည်းရန်၊

(၂) မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင် ရာလုပ်ငန်း ကဏ္ဍအလိုက်ကော်မတီများ ဖွဲ့စည်းရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ ပုဂ္ဂလိကသင်တန်းကျောင်း၊ အစိုးရသင်တန်းကျောင်း၊ စက်မှုဇုန်များ၊ ဥပဒေပညာရှင်များနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ကိုယ်စားလှယ်များဖြင့် ပူးပေါင်းပါဝင်ဖွဲ့စည်းသွားရန်၊

(၃) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့များဖွဲ့စည်း ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို သိရှိသည့် အထူးစီးပွားရေး ဇုန်များ CEO အဆင့်များ ပါဝင်ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ရန်၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဒေသတွင်း အဖွဲ့အစည်းများကို Qorking Group များတွင် ဖွဲ့စည်းဆောင်ရွက်ရမည့်အပြင် အထူးစီးပွားရေးဇုန်ရှိသော နေရာများတွင် သက်ဆိုင်ရာကော်မတီဝင်များ ပါဝင်ဖွဲ့စည်းရန်၊

(၅) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် စစ်ဆေးအကဲဖြတ်သူ (Assessor) များအား အမြဲတမ်းဝန်ထမ်းအဖြစ် လည်းကောင်း၊ စာချုပ်ချုပ်ဆိုခန့်ထားသည့် ဝန်ထမ်း အဖြစ် လည်းကောင်း ခန့်ထားနိုင်ရေး ဆောင်ရွက်ရန်၊

### (ဃ) ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

(၁) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် ချိတ်ဆက်၍ ပုဂ္ဂလိကသင်တန်းများ ဖွင့်လှစ်မည်ဆိုပါက နိုင်ငံတကာမှ ချိတ်ဆက်ထားသော သင်တန်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ကူညီပေးရန်နှင့် သင်တန်းဆင်းလက်မှတ်များ ကို မြန်မာနိုင်ငံလုပ်သား များကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က စစ်ဆေးပြီး ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၂) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အစိုးရဌာနများမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ် ထုတ်ပေးရေး ဆောင်ရွက်ရန်၊

(၃) ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည် မြင့်မားလာနိုင်ရေးအတွက် စက်မောင်း (Operater) များအတွက် လိုင်စင် သို့မဟုတ် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၄) ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု "စံ" များ သတ်မှတ်နိုင်ရေးနှင့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးတို့ အတွက် မြန်မာ နိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဌာန်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားပေးသော သင်တန်းများမှ ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့က အလုပ်ရှင်များနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက် ပေးရန်၊

## (င) ကျွမ်းကျင်မှုသင်တန်းများပေးခြင်း

(၁) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပေးရာတွင် ခေတ်မီ သင်ထောက်ကူပစ္စည်း လိုအပ်ချက်အခက်အခဲကို အစိုးရက ဖြေရှင်းဆောင်ရွက်ပေးရန်၊

(၂) လုပ်ငန်းခွင်နှင့်ကိုက်ညီမှုရှိသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ရေးအတွက် လုပ်သားများအား စက်ရုံ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် On the job training ပေးနိုင်ရန် အခက်အခဲရှိနေပါသဖြင့် အစိုးရကပူးပေါင်း ဆောင်ရွက်ရန်၊

(၃) နည်းပြများ၏ အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၄) မဖွံ့ဖြိုးသေးသောဒေသများရှိ သင်တန်းသားများ၏ အခြေခံစားဝတ် နေရေးအတွက် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၅) စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အပံ့ပေးနိုင်မည့် ကျွမ်းကျင်မှု သင်တန်းများ ပေးနိုင်ရေးအတွက် Training Need Analysis ကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(၆) ကျွမ်းကျင်မှုသင်တန်းများပေးရာတွင် သင်တန်းနေရာ၊ ငွေကြေး၊ နည်းပညာ၊ သင်တန်းသား ရရှိနိုင်မှုစသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊

(၇) ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနေသော သင်တန်းကျောင်းများ၊ အဖွဲ့အစည်းများ အနေဖြင့် နည်းပြများအား စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်၊

(၈) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့က ဖွင့်လှစ်မည့် သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ပို့ချပေးရန်၊

(၉) ဒေသအလိုက် လိုအပ်ချက်များအရ Training of Trainers (TOT) သင်တန်းများကို ပို့ချပေးရန်၊

(၁၀) ဝေးလံခေါင်းပါးသော ဒေသများအတွက် Mobile Training များ ပြုလုပ်ပေးရန်၊ (ဥပမာ၊ ချင်း - စိုက်ပျိုးရေးလုပ်ငန်း၊ တနင်္သာရီ - ရေလုပ်ငန်း၊ သတ္တုတွင်းထွက်)၊

(၁၁) အလုပ်ရှင်များအနေဖြင့် ၎င်းတို့၏ အလုပ်သမားများအတွက် လုပ်ငန်းတွင်း လေ့ကျင့်သင်ကြားပေးမှုများ ဆောင်ရွက်ပေးရန်၊

(၁၂) ဒေသများ၏ လိုအပ်ချက်အရ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA)နှင့်ညှိနှိုင်း၍ ၎င်းအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်၊

(၁၃) သင်တန်းကျောင်းများ မဖွင့်လှစ်နိုင်မီကာလအတွင်း ဒေသဆိုင်ရာ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ သင်ရိုးညွှန်းတမ်းဖြင့် လုပ်ငန်းတွင်း သင်တန်းပေးခြင်းများ ကို ဆောင်ရွက်ရန်၊

(၁၄) ကျွမ်းကျင်မှုအဆင့် (၁)မှ ကျွမ်းကျင်မှုအဆင့် (၄)အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိကျသည့်အချိန် ကာလတစ်ခုကို သတ်မှတ်ပေး၍ ကျွမ်းကျင်မှုအဆင့်များအလိုက် ဝင်ရောက်ဖြေဆိုခွင့်ပြုခြင်းများကို ဆောင်ရွက်ရန်၊

## (စ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်ခြင်း

(၁) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို အလုပ်ရှင်ကသာ ထည့်ဝင်ရသည့်အတွက် အစိုးရ၏ ငွေကြေးထောက်ပံ့မှုပါရရှိမည်ဆိုပါက လုပ်ငန်းပိုမိုတိုးတက်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ် Budget အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထည့်ဝင်သင့်ပါကြောင်းနှင့် ထိုသို့ထည့်ဝင် နိုင်ရေးအတွက် ဗဟိုအစိုးရထံသို့ တင်ပြတောင်းခံသင့်ပါကြောင်း၊

(၂) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Levy နှုန်းထား သီးခြား သတ်မှတ်ကောက်ခံရန်၊

(၃) လုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် Central Providence Fund ထားရှိ၍ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့ကို ထောက်ပံ့ ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဒေသအလိုက် လိုအပ်ချက်အရ လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Budget တောင်းခံသင့်ပါကြောင်း၊

(၅) ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို လုပ်ငန်းအရွယ်အစားအပေါ် မူတည်၍ ထည့်ဝင်ကြေးနှုန်းထားများ သတ်မှတ်ခြင်းကို ဆောင်ရွက်ရန်၊

## (ဆ) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်ရေးဆွဲခြင်း

(၁) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် တည်ဆဲဥပဒေနှင့်အညီ ခံစားခွင့်ပုဒ်မများ ထပ်မံဖြည့်စွက်ရန် လိုအပ်သည့် အတွက်ဖြည့်စွက်နိုင်ရေး ဆောင်ရွက်ရန်၊

(၂) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ထောင်စု အဆင့် မဟုတ်ဘဲ တိုင်းဒေသကြီး။ ပြည်နယ်အဆင့် လုပ်ပိုင်ခွင့်များ ပေးနိုင်ရေးအတွက် ဥပဒေတွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်ရန်၊

(၃) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရ များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၄၁ (က)ကို ထပ်မံဖြည့်စွက်နိုင်ရေး ဆောင်ရွက်ရန်၊

(၄) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၅)၊ ပုဒ်မ(၁၄)နှင့် (၁၅) အရ လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာတွင် အလုပ်ရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သော်လည်း တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်၊

(၅) TVET ကဏ္ဍအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပူးပေါင်း၍ ခိုင်မာသည့် လမ်းကြောင်းတစ်ခု ဖော်ဆောင်ရန်နှင့် ရေရှည် တွင် အစိုးရအနေဖြင့် ဥပဒေနှင့် နည်းဥပဒေများ ခိုင်မာတိကျအောင် ဆောင်ရွက်ရန်၊

(၆) အလုပ်ရှင်အနေဖြင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု“စံ”သတ်မှတ် ပြဋ္ဌာန်းရေး အဖွဲ့က ထုတ်ပေးသော အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိ အမှတ်ပြု လက်မှတ်ရရှိသူကိုသာ ဦးစားပေးခန့်ထားသည့် စနစ်ကျင့်သုံးဆောင်ရွက်သွား နိုင်ရေးအတွက် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်၊

(၇) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ကျွမ်းကျင်မှု အဆင့်အလိုက် လုပ်ခလစာများ သတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၈) လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၊ အလုပ်ရှင်များနှင့် ပတ်သက်သောအခန်းကဏ္ဍကို သေချာစွာ ပြဋ္ဌာန်း ထားခြင်း မရှိသည့်အတွက် ဥပဒေတွင် ထည့်သွင်းဖော်ပြသွားရန်၊

(၉) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် Budget အသုံးပြု သကဲ့သို့ လုပ်ငန်းရှင်များမှလည်း စိုက်ထုတ်အသုံးပြုနိုင်ရေးအတွက် ဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းရန်၊

(၁၀) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက Budget ခွဲဝေချထားနိုင်စေရန် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဥပဒေတွင် ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၁၁) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့တွင် စစ်ဆေးအကဲဖြတ်သူ (Assessor) များအား အမြဲတမ်း သို့မဟုတ် စာချုပ်ဖြင့် ခန့်ထားနိုင်ရေးအတွက် ဥပဒေတွင် Budget ထည့်သွင်းပါဝင်နိုင်ရေး ဆောင်ရွက်ရန်၊

# မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနအနေဖြင့် အောက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ပြဋ္ဌာန်းထားရှိသည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြည်သူလူထု သိရှိနိုင်ရေးအတွက် အသိပညာများ မျှဝေပေးရန်၊

(ခ) စက်မှုဇုန်များတည်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်သော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျွမ်းကျင်လုပ်သားများ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေး အဖွဲ့က အသိအမှတ်ပြုထုတ်ပေးသော အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဂ) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်သမားများ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေးအတွက် စက်မှုဇုန်များတည်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် Pilot Project အနေဖြင့် စတင်ဆောင်ရွက်နိုင်ရေး အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားရန်၊

(ဃ) လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးလျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သင်တန်းကျောင်းများမှ နည်းပြများအား မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ သင်ကြားပို့ချနိုင်ရေးအတွက် Training of Trainers (TOT) သင်တန်းပေးနိုင်ရေး ဆောင်ရွက်သွားရန်၊

(င) အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်ထားရှိသကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေတွင်လည်း နည်းပြများအနေဖြင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော ကျွမ်းကျင်မှု "စံ"များနှင့်အညီ သင်ကြားပို့ချ နိုင်ရန် Training of Trainers (TOT) သင်တန်းပေးနိုင်ရေးအတွက် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်သွားရန်၊

(စ) အထက်မြန်မာပြည်တွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် NSSA Technical Officeကို မန္တလေးမြို့၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ တည်ထောင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်၊

(ဆ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လုပ်သား အင်အားနှင့် အလုပ်သမားရေးရာ သုတေသနသိပ္ပံ (Institute of Manpower and Labour Research) တည်ထောင်နိုင်ရေးအတွက် မူဝါဒတောင်းခံတင်ပြသွားရန်၊

(ဇ) မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ လက်အောက်တွင် ယဉ်ကျေးမှုအလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးနှင့် လေ့ကျင့်ရေးကော်မတီ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်သွားရန်၊

(ဈ) ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အလုပ်အကိုင်များ ရှာဖွေဖော်ထုတ်၍ ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ည) အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ"များ သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားရန်၊

- (က) စိုက်ပျိုးရေးလုပ်ငန်း
- (ခ) သတ္တုတွင်းလုပ်ငန်း
- (ဂ) ပို့ဆောင်ရေးလုပ်ငန်း
- (ဃ) မွေးမြူရေးလုပ်ငန်း
- (င) ဟိုတယ်လုပ်ငန်း

(ဋ) SME လုပ်ငန်းများတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို Model တစ်ခုအနေဖြင့် ဆောင်ရွက်သွားနိုင်ရေးအတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က သတ်မှတ်ထားသော Competency-Based Training များ ပေးနိုင်ရေး ဆောင်ရွက်သွားရန်၊

(ဌ) အာဆီယံနိုင်ငံများတွင် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင် ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရှိ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုး တက်ရေးဌာနခွဲအနေဖြင့်သာ ဆောင်ရွက်မှုရှိသည့်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်တွင် ဌာနခွဲတစ်ခုအနေဖြင့် မဟုတ်ဘဲ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(Department of Skills Development)ဖွဲ့စည်းထားရှိနိုင်ရေး ဆောင်ရွက်သွားရန်၊

(ဍ) မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ပြဋ္ဌာန်းထားသော ကျွမ်းကျင်မှု "စံ"သတ်မှတ်ချက်များနှင့် ကျွမ်းကျင်မှုအကဲဖြတ် စစ်ဆေးခြင်းအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာလုပ်ငန်းများသို့ မြန်မာဘာသာဖြင့် ပေးပို့နိုင်ရေးဆောင်ရွက်ရန်၊

(ပ) မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရန်၊

(ဏ) သင်တန်းကျောင်းတည်ထောင်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်နိုင်ရေး ကူညီထောက်ပံ့ပေးရန်၊

(တ) အလုပ်သင်လုပ်သားနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အလုပ်သင်ကာလကို သတ်မှတ်ရန်၊

(ထ) စက်ရုံများနှင့် အလုပ်ရုံများကို လိုင်စင်သက်တမ်းတိုးပေးသည့်အခါတွင် သင်တန်း များနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စများကို လိုက်နာမှု ရှိ/မရှိစစ်ဆေးခြင်းများကို ဆောင်ရွက်ရန်၊

(ဒ) သက်ဆိုင်ရာဒေသများအလိုက် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို အကောင် အထည်ဖော်ဆောင်ရွက်မည့် ကော်မတီများနှင့် Working Group များ ဖွဲ့စည်း၍ လုပ်ငန်း အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ ခွဲဝေပြီး လုပ်ငန်းစီမံချက်များကို ဆောင်ရွက်သွားရန်၊

(ဓ) မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ သင်ရိုးညွှန်းတမ်းများနှင့် အညီ ဖွင့်လှစ်မည့် Private သင်တန်းကျောင်းများ၏အရည်အသွေးကို စစ်ဆေးအကဲဖြတ်မည့် အဖွဲ့များကို ဖွဲ့စည်း၍ အခါအားလျော်စွာ သတ်မှတ်ထားသောစံနှုန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေး ဆောင်ရွက်ရန်၊

(န) အလုပ်ရှင်များက လုပ်သားများကို လေ့ကျင့်သင်ကြားပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးခြင်းအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာလုပ်ငန်းများသို့ မြန်မာဘာသာဖြင့် ပေးပို့နိုင်ရေး ဆောင်ရွက်ရန်၊

(ပ) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဌာန်းရေးအဖွဲ့အနေဖြင့် ကာလအတိုင်း အတာတစ်ခုအတွင်း ကျွမ်းကျင်မှု "စံ"များကို ISO အဆင့်အထိ ကူးပြောင်းနိုင်ရန် ရည်မှန်းချက် ထား ဆောင်ရွက်ရန်၊

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် နေပြည်တော်၊ မြန်မာ အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ဆောင်ရွက်ခဲ့သည့်ဆွေးနွေးချက်များ၊ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ တင်ပြချက်များအား သိရှိလမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးအောင်
ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ
နေရာ။ နေပြည်တော်

## အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ တက်ရောက်သူများစာရင်း

| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ | (၁) ဦး |
| ၂။ | ဗဟိုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စုဝန်ကြီးများ | (၄) ဦး |
| ၃။ | ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အလုပ်သမားရေးရာဝန်ကြီးများ | (၁၁) ဦး |
| ၄။ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ | (၉) ဦး |
| ၅။ | အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | (၉) ဦး |
| ၆။ | အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ | (၅) ဦး |
| ၇။ | မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်များ | (၄) ဦး |
| ၈။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိတ်ဖက်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ | (၉) ဦး |
| ၉။ | ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီဝင်များ | (၄) ဦး |
| ၁၀။ | အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေး ကော်မတီဝင်များ | (၁၂) ဦး |
| ၁၁။ | မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းမှ ကိုယ်စားလှယ်များ | (၂၄) ဦး |
| ၁၂။ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်နှင့် အလုပ်သမားကိုယ်စားလှယ်များ | (၂၀) ဦး |
| ၁၃။ | စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားအဖွဲ့ချုပ်ကိုယ်စားလှယ်များ | (၁၆) ဦး |
| ၁၄။ | ပညာရေးဝန်ကြီးဌာနမှ AQRF အဖွဲ့ဝင် တက္ကသိုလ်ဆရာ/ဆရာမများ | (၁၈) ဦး |
| ၁၅။ | ပုဂ္ဂလိကသက်မွေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် နည်းပြဆရာများ | (၂၅) ဦး |
| ၁၆။ | အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ ဆပ်ကော်မတီမှအဖွဲ့ဝင်များ (Company) NSSA | (၁၁) ဦး |
| ၁၇။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအောက်ရှိတိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းဦးစီးမှူးများ | (၁၅) ဦး |
| ၁၈။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အခြားဌာနမှဝန်ထမ်းများ | (၆၈) ဦး |
| ၁၉။ | မိတ်ဖက်အဖွဲ့အစည်းများ | (၂၂) ဦး |
| ၂၀။ | မီဒီယာများ | (၃၆) ဦး |
| | စုစုပေါင်း | (၃၂၃) ဦး |

# အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ

Supported by

Sida

International Labour Organization